


# အဖေခေါ်တိုင်း၊ ပြုံးမနေပါနဲ့ ကိုယ့်အရေးကစိတ်ချရပြီလား

၂၂၁

ဟောကြားသည့်နေ့
၁၄-၁၁-၆၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်အရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၂) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0212

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အဖေခေါ်တိုင်းပြုံးမနေပါနဲ့
# ကိုယ့်အရေးကစိတ်ချရပြီလား

PARAMI LIBRARY

ဟောကြားသည့်နေ့
(၁၄-၁၁-၁၉၆၀)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

## အဖေခေါ် တိုင်းပြုံးမနေပါနဲ့
## ကိုယ့်အရေးကာစိတ်ချရပြီလား

ဟောကြားသည့်နေ့ (၁၄-၁၁-၆၀)

သတိပေးခန်းတွေကို ရှေ့နားမှာနည်းနည်းပြောပါတယ် (မှန်ပ့ါ) သတိပေးခန်းက ဘာလဲလို့မေးတော့ ဒကာ ဒကာမတွေ အခု ဘယ်အထဲမှာ မျောနေကြသလဲဆိုတဲ့ဥစ္စာ သိတော့ သားဖို့ သမီးဖို့ ဆွေဖို့ မျိုးဖို့ ကိုယ့်ဖို့ဆိုတဲ့ စီးပွားရေး တဏှာရေထဲမှာ မျောနေကြတယ်. . . (မှန်ပ့ါ)။ စီးပွားရေး တဏှာရေထဲမှာ မျောနေကြတယ်လို့ မှတ်ကြပါ. . . (မှန်ပါ)။

## လူချင်းတူတူ သူချင်းမျှမျှ

သားခင်မှု၊ သမီးခင်မှု၊ မြေးမြစ်တွေလည်း လူချင်းတူတူ၊ သူချင်းမျှမျှဖြစ်မှု၊ သားကလေးတွေလူလားမြောက်လို့ သမီးကလေးတွေ သူများနဲ့တန်းတူ စားနိုင်ဝတ်နိုင်ဖို့ ဒါတွေတည်းဟူသော အာရုံတွေထဲမှာ တဏှာက ဒီအာရုံတွေကို ခင်တွယ်ပြီး သကာလ ဒီအလုပ်တွေနဲ့ပဲ တောင်ပြေး၊ မြောက်သွားနဲ့ မျောပါနေကြတယ်ဆိုရင် ဒကာသစ်၊ ဒကာကြွယ်တို့ မလွဲဘူး - (မလွဲပါဘုရား)။

ဩော် . . . ဒီဒကာ၊ ဒကာမတွေ ဘာများဖြစ်နေကြပါလိမ့်မတုံးဆိုတော့ တဏှာရေထဲမျောနေကြတယ် - (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမလဲ . . . (တဏှာရေထဲမျောနေကြပါတယ်ဘုရား) တဏှာဆိုတာ ဒကာ၊ ဒကာမတို့ ကာမောဃလို့ခေါ်ပါတယ် . . . (မှန်ပါ့) ကာမောဃလို့မှတ်ထားလိုက်စမ်းပါ၊ ကာမဩဃ ဆိုလိုရင်းပဲ၊ ကာမဂုဏ်ရေထဲမှာမျောနေကြတယ်လို့ဆိုတော့ ဒီကနေ မန္တလေးသွားပြန်လဲ ကိစ္စနှင့်ဘုရား၊ မန္တလေးကတောင်မြို့ပြန်လာတော့ကော . . . (ကိစ္စနဲ့ပါ ဘုရား)။

## ကာမဂုဏ်ရေထဲမျောနေကြတယ်

ဘာကိစ္စတုန်းမေးတော့ တဏှာခိုင်းတဲ့ကိစ္စ (မှန်ပါ့) နောက်မသွားတော့ဘူးလား၊ နောက်မပြန်တော့ဘူးလား

မေးပြန်တော့ ဒီနေရာပဲသွားလိုက်၊ ဒီနေရာပဲပြန်လိုက်၊ ဖြစ်နေတော့ ကာမောဃထဲမှာ မျောကာဆန်ကာနေကြတယ် . . . (မှန်ပါ့)။

ကြာတော့ ဒီနေရာမှာ လှည့်ပတ်ပြီးသကာလနေတော့ သစ်ရွက်ကလေးကိုပဲ ကြာတော့လှည့်ပတ်ပြီးသကာလ ဝဲကကျဉ်းကျဉ်းပြီးသကာလ အပါယ်လေးပါးထဲမှာ ဒကာဒကာမတွေမြုပ်ရှာတော့မယ် . . . (မှန်ပါ့) ကာမောဃဝဲထဲမှာပဲ လှည့်လည်ပြီးသကာလ အပါယ်လေးပါးတည်းဟူသော မြုပ်ရာဌာနကို ဒကာကြွယ်၊ ဒကာဦးလှဘူးတို့ မြုပ်မှာ စိုးရိမ်ရတယ်နော် . . . (မှန်ပါ့)။

ဒကာဒကာမတို့ကတော့ သာမညမှတ်နေတယ်၊ ကိစ္စရှိလို့သွားတာဘုရား၊ ကိစ္စမရှိရင်အိမ်ကမထွက်ပါဘူး . . . (မှန်ပါ့) ပြန်လာပြန်တော့ သားရေး၊ သမီးရေး စိတ်မချရတဲ့ကိစ္စ ကိုယ့်ကိုယ်ကို စိတ်မချရတဲ့ ကိစ္စနဲ့ ပြန်ပြီးလာကြပြန်တော့လည်း ဒါလည်း တဏှာမျှောလိုက်လို့မျောတာပဲ (မှန်ပါ့) ဒါဖြင့် ဒကာဒကာမတွေ ဘာဖြစ်နေကြတုံးမေးတော့ ကာမောဃထဲမျောနေကြတယ် . . . (မှန်ပါ့ဘုရား)။

## မျောတဲ့အလုပ်မရပ်ရင်မြုပ်မယ်

ဒကာကြွယ် ကြောက်စရာကြီး . . . (ကြောက်စရာကြီး

ပါဘုရား) ခင်ဗျားတို့ကလည်း ဘုန်းကြီးဆုပေးလိုက်တာက ဣဒံမေ ပုညံ အာသဝက္ခယံဝဟံဟောတု၊ အာသဝေါတရားကုန် ရပါလို၏ ဆုတောင်းကြတယ်၊ ပြီးတော့ ကာမာသဝထဲ ခင်ဗျားတို့ ကမျောတယ် ဘုန်းကြီးကလည်း ကာမာသဝထဲမျောတာ လွတ်ပါစေဆိုပြီး ဘုန်းကြီးကရှေ့ကချပေးတယ်၊ နှုတ်ကတော့ လိုက်ကြပါရဲ့၊ မျောတဲ့အလုပ်ကို မရပ်စဲလို့ရှိရင် မြုပ်ပါလေဦး မယ်ဆိုတာ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

မျောတဲ့အလုပ်လုပ်နေရင် (မြုပ်ပါလိမ့်ဦးမယ်) မြုပ်ပါလိမ့် ဦးမယ်ဆိုတာ အထူးသတိပေးပါတယ်ဒကာကြွယ် . . . (မှန်ပါ့) စင်စစ်ကတော့ ကိစ္စရှိလို့လား၊ တဏှာမျှောလို့မျောရတာလား . . . (တဏှာမျောလို့မျောရတာပါဘုရား)။

ဒကာသစ် သွားမည်ကြံလို့ရှိရင်ဖြင့် အကျိုးရှိမည့်ကိစ္စ လား၊ တဏှာမျှောလို့ မျောရမှာလားဆိုတာလေးတော့ ဆင်ခြင် ပါဦးဆိုတာသတိပေးပါတယ် . . . (မှန်ပါ့) မပေးထိုက်ဘူးလား . . . (ပေးထိုက်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ အာသဝေါကုန်ရာ ရောက်ရပါလို၏ဆိုပြီး ကိုယ့်ကိုယ်တိုင်ကဖြင့် မျောတာမြုပ်တာ ကိုလုပ်နေလို့ရှိရင် အာသဝေါကုန်နိုင်ပါဦးမလား . . . (မကုန် နိုင်ပါဘုရား)။

## ပါးစပ်ကတော့အပြော

ဒကာကြွယ် ဒါဖြင့်ပါးစပ်ကတော့အပြော၊ အလုပ်သွားက အမျော . . . (မှန်ပါ့) အမျောဖြစ်နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အင်မတန်မနစ်နာဘူးလား . . . (နစ်နာပါတယ်ဘုရား)။

အေး . . . ဒါကြောင့်ကြပ်ကြပ်သတိထားပြီးသကာလ ဒကာဒကာမတို့ ငါဒီလို ဆရာသမား ကိုးကွယ်ဆည်းကပ်နေတာ အမျောသမား အမြုပ်သမားအဖြစ်မှ လွတ်အောင်လို့ဆိုတဲ့စိတ်ထားနဲ့နေကြတာပဲ . . . (မှန်ပါ့)။

သို့သော် . . . ကိုယ့်နေပုံကတော့ဖြင့် အမျောသမား၊ အမြုပ်သမားအဖြစ်နဲ့ ပျော်နေတဲ့အခိပ္ပါယ်မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား) အဲဒါလောက်ဆိုးဝါးပြီးသကာလ နေတော့ ဒီအချိန်အနည်းငယ် အာသဝရပ်တဲ့ အချိန်ပဲဆိုတာ မှတ်လိုက်ကြစမ်းပါ. . . (မှန်ပါ့ဘုရား)။

အခုတရားနာနေတဲ့အချိန် ဘာအချိန်ပါလိမ့် . . . (အာသဝရပ်တဲ့အချိန်ပါဘုရား) အမျောသမား၊ အမြုပ်သမား အဖြစ်မှ အနည်းငယ်ရပ်ဆိုင်းတဲ့အချိန်ဆိုရင် လွဲပါ့မလား (မလွဲပါဘုရား)။

အဲ. . ရပ်တာကလေးကိုပင် ဒကာဒကာမတွေက ဩော် . . . စီးပွားရေးထဲက မနည်းကြိုးစားရတယ်လို့ ဆိုပြန်တော့

အမောဖြေတဲ့အချိန်ကို မနည်းကြိုးစားရတယ်လို့ ဆိုတော့ ကောင်းသေးရဲ့လား . . . (မကောင်းပါဘုရား)။

အမောဖြေတဲ့အချိန်ကို ခင်ဗျားတို့က ဘယ်လိုများထင်နေသတုံး. . . (မနည်းကြိုးစားလာရတယ်ထင်ပါတယ်ဘုရား) မနည်း ကြိုးစားရတယ်၊ ဖြစ်မှဖြစ်ရလေဗျာ . . . (မှန်ပါ့ဘုရား)။

## သိပ်မရှုးကြပါနဲ့

ဒကာဒကာမတွေမြည်တာတွန်တာလား၊ ဖြစ်စဉ်ကိုက်လားဆိုတာကို သတိထားပါ. . . (ဖြစ်စဉ်ကိုက်ပါဘုရား) သိပ်မရှုးကြပါနဲ့ဆိုတာသတိပေးပါတယ်၊ အရှုးက သန်လွန်းပါတယ်. . . (မှန်ပါ့) ဒကာကြွယ်မသန်ဘူးလားဗျာ . . . (သန်လွန်းပါတယ်ဘုရား)။

အခုသတိပေးပြီးတော့ တော်တော်ကလေးမြည်တာတောင်အမျောကိစ္စမလွတ်သေးဘူး (မလွတ်ပါဘုရား) ဦးလှဘူး မလွတ်ချင်ဘူးနော် . . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ရန်ကုန်သွားတာ အမျောသွားတာ . . . . (မှန်ပါ့) ရန်ကုန်ကပြန်လာတော့ . . . (မျောတာပါဘုရား) ဒီအတိုင်း အမျောသမား၊ အလည်သမားဆိုလို့ရှိရင်တော့ သေရင် သံသရာအပါယ်ငရဲ တောက်လျှောက်သွားလေရဲ့ . . . (မှန်ပါ့ဘုရား)။

## ဆွမ်းသွတ်တဲ့ပုဂ္ဂိုလ်တော့ကုသိုလ်ရမယ်

ဆွမ်းသွတ်တဲ့ပုဂ္ဂိုလ်တော့ကုသိုလ်ရမယ်၊ ဟိုပုဂ္ဂိုလ်တော့ အမျှရစရာမမြင်ပါဘူး . . . (မှန်ပါ့ဘုရား) ဆွမ်းသွတ်နေတောင် ဆွမ်းသွတ်တဲ့ပုဂ္ဂိုလ်ကုသိုလ်ရမယ်၊ ဟိုပုဂ္ဂိုလ်တော့ အမျှရစရာ မမြင်ပါဘူး. . . (မှန်ပါ့) မြင်ကြသေးရဲ့လား (မမြင်ပါဘုရား)။

ဒါလောက် ခင်ဗျားတို့အမျှောသမား၊ အမြုပ်သမား အဖြစ်နဲ့ နစ်နာနေလို့ ဒကာဒကာမတွေ ဆရာဘုန်းကြီးများက ဒီလိုအရင်းကျကျနဲ့ မပြောတော့ပါဘူးဆိုရင် ထုံးစံအတိုင်း လုပ်ပါရစေဦး ဖြစ်နေမှာပဲ. . . (မှန်ပါ့) မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## အကျည်းတန်အရုပ်ဆိုးလွန်းလို့

အဲဒါကြောင့်ဆိုးဝါးလွန်းလို့ အကျည်းတန်လွန်းလို့ အရုပ်ဆိုးလွန်းလို့ အာသဝဩဃထဲ မမျောကြပါနဲ့ဆိုတာ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့်တပည့်တော်တို့ လုပ်မစားရတော့ဘူးလား ဘုရားလို့ ဒကာဒကာမတွေ အာသဝေါတရားဘက်ကနေပြီး ကာမာသဝက ရှေ့နေလိုက်ပြီး ပါးစပ်အထွက်ခိုင်းလိမ့်မယ် (မှန်ပါ့) ပော့. . . အာသဝမင်းမျောခိုင်းလို့ မင်းအမြုပ်ခိုင်းလို့ သံသရာထဲမှာ အိုဘေး၊ နာဘေး၊ သေဘေးတွေဟာ ကိုယ်ပိုင်ပစ္စည်းဖြစ်ခဲ့

ရတယ်ကွ၊ ဒီတစ်ခါ မင့်ကိုတော်လှန်မယ်ကွဆိုပြီး ကိုယ့်ဖြစ်ပျက်နဲ့ ကိုယ့်မဂ်နဲ့ နေလိုက်စမ်းပါ (မှန်ပါ့) ဒါလူချမ်းသာဖြစ်ပါလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

လူချမ်းသာမဖြစ်ချင်ကြဘူးလား . . . (ဖြစ်ချင်ပါတယ် ဘုရား) ဖြစ်ချင်လို့ရှိရင် တကျော့နိုင်အောင်လုပ်၊ ဒိဋ္ဌိနိုင်အောင် လုပ်ပါ . . . (မှန်ပါ့ဘုရား)။

## လူ့ဘဝဟာအင်မတန်ရခဲလို့

ဒါဘယ့်နှယ်ကြောင့် ဒီအကြောင်းကို ဆရာဘုန်းကြီး အရေးတကြီး ပြောရပါလိမ့်မလဲလို့ ဦးလှဘူးတို့၊ ဒကာကြွယ်တို့ ကမေးလို့ ရှိရင်ဖြင့် ခင်ဗျားတို့ လူ့ဘဝဟာ အင်မတန်ရခဲပါတယ် . . . (မှန်ပါ့) သမုဒ္ဒရာ ပင်လယ်ကြီးရှိတယ်၊ အဲဒီမှာ ထမ်းပိုးတုံး တစ်ခုကို အပေါက်ကလေးထွင်းပါ၊ ထွင်းပြီးပင်လယ်ထဲမျှော လိုက်ပါ၊ ပင်လယ်ထဲမှာ ပင်လယ်လှိုင်းနဲ့ ပင်လယ်လေနဲ့ တောင် လေလာမြောက်၊ မြောက်လေလာတောင် စသည်နဲ့ သွားမိသွား ရာ မသွားပေဘူးလား. . . (သွားပါတယ်ဘုရား)။

အနှစ်တရာ၊ အနှစ်တစ်ထောင်ရှိမှ ပေါ်လာတဲ့လိပ်ကန်း ကြီးကလည်း လိပ်ကန်းဆိုတာသွားချင်ရာသွားနေလိမ့်မယ်. . . (မှန်ပါ့) အဲဒီသွားတဲ့လိပ်ကန်းကြီးရဲ့ ခေါင်းနဲ့ ခုနင်က ထမ်းပိုးတုံး အပေါက်ထဲမှာ လည်ပင်းလျှိုမိပြီး ခေတ္တနားခွင့်ကြုံ စရာမြင်ကြရဲ့ လား . . . (မမြင်ပါဘုရား)။

## လိပ်ကန်းကြီးနဲ့ထမ်းပိုး

ဒီ. . . ထမ်းပိုးပေါက်ကြီးကလည်း ထမ်းပိုးပေါက်ကလေး တစ်ပေါက်တည်း ပါလာတာကလည်း ဒကာကြွယ်တောင်လေလာမြောက် မြောက်လေလာတောင်နဲ့ သွားချင်သလိုသွားတော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း သူ့မှာလည်းမှန်းခြေပေါက်ရှိရဲ့လား. . . (မရှိပါဘုရား)။

လိပ်ကန်းကြီးလည်း နှစ်ဘက်စုံလုံးကန်းဖြစ်နေတော့ သွားချင်ရာသွား၊ လာချင်ရာလာနဲ့ အရှေ့မှန်းမသိ၊ အနောက်မှန်းမသိ၊ တစ်ခါတလေခေါင်းကလေးဖော်လိုက်တဲ့အခါ ခုနင်က မျောချင်ရာ မျောနေတဲ့ ထမ်းပိုးတုံးအပေါက်ထဲလျှိုမိဖို့ရာ အကြောင်းဟာ မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)။

## သာသနာတွင်းကြုံဖို့ရာဒါထက်ခဲယဉ်းတယ်

အဲဒါ ခင်ဗျားတို့ လူ့ဘဝရပြီး သာသနာတွင်းကြုံဖို့ရာ ဒါ ထက်ခဲယဉ်းသေးတယ် (မှန်ပါ့) အထက် လိပ်ကန်းခေါင်းနဲ့ ထမ်းပိုး တုံးအပေါက်လျှိုမိဖို့ရာက ငါဘုရားမြင်သေးတယ်တဲ့၊ မင်းတို့လူ့ဘဝ ရဖို့ ဒါထက်ခဲယဉ်းသေးတယ် (မှန်ပါ့ဘုရား)။

ဒီတော့ ကိုယ်ရတဲ့ဘဝဟာ ဒကာဒကာမတွေ ပါရမီပြည့်ပြီးသား စုံပြီးသား ဖြစ်လေသောကြောင့် နိဗ္ဗာန်ဆိုတဲ့ ချမ်းသာရာကို ဘယ်အခါမှ မပြုပ် မမျောတဲ့ဆီ သွားဖို့ ဆုတောင်းပြည့်လာ

တဲ့ဘဝကြီးမှာ တစ်ခါမျှောတဲ့မြုပ်တဲ့အလုပ် သားရေး၊ သမီးရေး၊ စီးပွားရေးကို ရောက်တဲ့နေရာဌာနက အာရုံကလေးလှည့်လိုက်တာနဲ့ အမျှောသမား၊ အမြုပ်သမား ဖြစ်နေတော့ ဒကာကြွယ် နစ်နာလွန်းတယ် (မှန်ပါ့ဘုရား)။

ဦးလှဘူး ဘယ်နှယ့်နေသတုံး (နစ်နာလွန်းပါတယ် ဘုရား) သေသေချာချာသတိထားပြီး နားထောင်ပါ ဒကာ ဒကာမတို့ ကိုယ့် မှန်းခြေနဲ့ကိုယ် မရစဖူးအရထူးတာနဲ့ အလွဲသုံး စားလုပ်တာနဲ့ ဒကာသစ် ကိုက်ကဲ့လား. . . (မကိုက်ပါဘုရား) မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား)။

ဩော်. . ဒကာဒကာမတွေ ဒါလောက်ထိအောင်ဘုရား ဟောထားတာတောင် မသိကြတော့ အိမ်ရာတည်ထောင်ရမှာပဲ၊ သားသမီးမွေးဖွားရမှာပဲ၊ မွေးဖွားရင်ကျွေးရမှာပဲ၊ ဒါဟာကျုပ်တို့ လူ့အလုပ်ဆိုတော့ နဂိုကအပါယ်ကတက်လာကြတုန်းက လူချမ်း သာဖြစ်အောင်လို့ ဒီမှာတော့လူဆင်းရဲဖြစ်တဲ့အလုပ်ကြီးပျော် နေတယ်၊ ဒကာကြွယ် တော်ရဲ့လားလို့မေးဖို့မလိုဘူးလား . . . (လိုပါ တယ်ဘုရား)။

## လူချမ်းသာလား

အခုလူချမ်းသာလား၊ လူဆင်းရဲလားဆိုတော့ မလုပ်ဘဲနဲ့ စားရတဲ့ ပဒေသာပင်ပေါက်တဲ့လူ ဘယ်မှာရှာတွေ့လိမ့်မလဲ

(မတွေ့ပါဘုရား) လုပ်ကိုင်မှ စားရတာချည့်ဆိုတော့ လူချမ်းသာပါကြရဲ့လား . . . (မပါပါဘုရား)။

ခင်ဗျားတို့နဂိုရ်က လူ့ပြည်ရောက်လို့ရှိရင်ဖြင့် လူ့ပြည်ရောက်ကြောင်း လူချမ်းသာဖြစ်ရပါလို၏ ဆုတောင်းတော့ လူချမ်း သာမဟုတ်တာတောင် လူချမ်းသာမဟုတ်မှန်း မသိသေးဘူး. . . (မှန်ပါ့) အပါယ်ငရဲကတက်ကတည်းက လူ့ဘဝရခဲတယ်ဆိုတာ လိပ်ကန်းနဲ့ ထမ်းပိုးတိုးမိစရာရှိသေးတယ်၊ လူဘဝရဖို့ခဲယဉ်းသေးတယ် . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ ရခဲလှတဲ့ဘုံဘဝကြီးရောက်တဲ့ ဥစ္စာနိဗ္ဗာန်ချမ်းသာကို အရယူတော့မယ်ဆိုတဲ့စိတ်ထားမမွေးဘဲနဲ့ ပြင်ဘက်ပတ်ဝန်းကျင် အာရုံတွေလှည့်စားလိုက်တာနဲ့ ဒကာကြွယ်တို့ ဒေါင်ချာစိုင်းနေတာပဲ(မှန်ပါ့) တယ်လည်း ဆိုးဝါးနေပါကလား. . . (ဆိုးဝါးပါတယ်ဘုရား) ပေါ့ကြပလား . . . (ပေါ့ပါပြီဘုရား)။

## ဟန်လုပ်ပြီးမနေလိုက်ပါနဲ့

ဟန်ကလေးပန်ကလေးလုပ်ပြီးတော့ မနေလိုက်ပါနဲ့ ဒကာ ဒကာမတွေ သေခါနီးကျတော့ ငရဲအိုးတွေ ငရဲနိမိတ်တွေ တစ်ယောက်တည်းမြင်လာမှ မျက်ရည်ကြီးငယ်ကျမှာစိုးလွန်းလို့ အခု ကြွားသလောက် မဲ့ရာမှာတွေ မြင်လို့ဆရာသမားက

အစောကြီး သတိပေးနေတယ်ဆိုတာ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) ဒကာသစ် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေဘယ်လို လမ်းဆုံးသတ်မတုံးလို့ မေးဖို့မလိုလာဘူးလား. . . (လိုလာပါတယ်) လိုလာ တော့မရစဖူး အရထူးတဲ့ ဘဝကြီးက နိဗ္ဗာန်ကူးနိုင်တယ်လို့ မှတ်ကြစမ်းပါ . . . (မှန်ပါ့ဘုရား)။

## ဆရာသမားနဲ့ဆုံပြန်တယ်

လူ့ဘဝကို အခု ခင်ဗျားတို့ရလာတာ ဆရာဘုန်းကြီးဟောလို့ သစ္စာပဋိစ္စ သမုပ္ပါဒ်ကိုလည်း ခင်ဗျားတို့ကြားနာရတာများပါပြီ (များပါပြီဘုရား) သစ္စာဟောတဲ့ ဆရာသမားများနဲ့လည်း လာပြီးတော့ ကြုံပြန်ဆုံပြန်တယ်. . . (မှန်ပါ့ဘုရား)။

သာသနာတော်ကြီကလည်းရှိသေးတယ်၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရားက မကွယ်သေးဘူး (မှန်ပါ့) မကွယ်သေးတော့ ကျွတ်တမ်းဝင်နိုင်မည့် ဘဝကြီးကို သားသမီး၊ ပစ္စည်းဥစ္စာဘေးအန္တရာယ်ပတ်ဝန်းကျင်နှိပ်စက်တာနဲ့ ခင်ဗျားတို့အရကြီးရတာက အမြုပ်ကြီးမြုပ်သွားလို့ရှိရင် ဒီထက်ကိုယ်ကျိုးနည်းရှိသေးရဲ့လား . . . (မရှိပါဘုရား)။

အဲဒီတော့ အင်မတန်စိုးရိမ်လို့ ယနေ့ရှေ့ပိုင်းမှာ ဒါထည့်ပေးတယ်. . . (မှန်ပါ့) မထည့်သင့်ဘူးလား. . . (ထည့်သင့်ပါတယ်ဘုရား)။

## ကိုယ့်အရေးစိတ်ချရပြီလား

အဲဒါကြောင့် ဒကာဒကာမတွေ သားကလေး မကြီးသေးလို့၊ သမီးကလေးနေရာမချသေးလို့ ဆိုတာမျိုးတွေ ဝင်မရှုပ်စေနဲ့ (မှန်ပါ့) ကိုယ့်အရေးက အိုဘေး၊ နာဘေး၊ သေဘေးက စိတ်ချရမလား. . . (စိတ်မချရသေးပါဘုရား)။

မချရသေးလို့ရှိရင် ဒီသားကလေးမကြီးသေးလို့ သမီးကလေးနေရာမချရသေးလို့ စသည်နဲ့ ခင်ဗျားတို့ဘာအပိုတွေထည့်ပြောနေစရာလိုသတုံး . . . (မှန်ပါ့ဘုရား) အဲဒါ ကြပ်ကြပ်စဉ်းစားပြီး ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်ကိုက်အောင် ထွက်ရပ်လမ်းအလုပ်ကို လုပ်ပါတော့မယ်ဆိုတဲ့ စိတ်ကို သန်သန်ထွားထွားကြီးမွေးလိုက်စမ်းပါ. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား) ရခဲတဲ့ ဘဝဆိုတာကောသေချာပလား . . . (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သိန်းတစ်ရာ လောက်အဖိုးတန်တဲ့ ပတ္တမြားတုံးထက်မက အဖိုးတန်တဲ့. . . တန်ဖိုး မဖြတ်နိုင်တဲ့ လူ့ဘဝခန္ဓာကိုယ်ဘဝကြီး ရထားတယ် (မှန်ပါ့) သစ္စာ ထောင်တတ်တဲ့နားကိုလည်း ရထားတယ်. . . (မှန်ပါ့ဘုရား)။

ဒီနားသည် ဒုက္ခခပ်သိမ်းကို သိမ်းနိုင်တဲ့နားပါ၊ ဒီနားက ဉာဏ်ကို ကျေးဇူးပြုတော့မယ်. . . (မှန်ပါ့) အဲဒီတော့ ဒါတွေကို

မထောင်ဘဲနဲ့ နားကို အလွဲသုံးစားလုပ်ပစ်ရင် ဒုက္ခကြွယ်သွား ရောပေါ့ဗျာ. . . (မှန်ပါ့) မသွားသေးဘူးလား . . . (သွားပါတယ် ဘုရား)။

အဲဒါ အဖိုးတန်တာကို အလွဲသုံးစားလုပ်တော့ ဩော်. . . ခင်ဗျားတို့ဆိုးဝါးလွန်းတယ်ဆိုတာ မပြောထိုက်ဘူး လား. . . (ပြောထိုက်ပါတယ်ဘုရား)။

ဒုက္ခဒုက္ခမတွေ့ ဘုန်းကြီးပြောတာ ကြပ်ကြပ်ဂရုစိုက် ပါ၊ ခင်ဗျားတို့ အလွဲသုံးစားများလွန်းလို့ (မှန်ပါ့) တချို့မှာ ၂၄နာရီရှိတဲ့ အနက်က ၂၄နာရီစလုံးဟာ တစ်ခါတည်းသားရေး၊ သမီးရေး၊ စီးပွားရေး ပင်လယ်ထဲမှာ မျောပြီးသကာလ မြုပ်တဲ့ အလုပ်ကိုသာ လုပ်နေကြတော့ ဒုက္ခကြွယ်မှန်းခြေပေါက် ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘုရား)။

## သားကအဖေခေါ် တိုင်းပြုံးမနေပါနဲ့

ငရဲကတက်လာတုန်းက ဒီနေရာမပြန်တော့ပါဘူးဆိုပြီး တက်လာကြတယ် (မှန်ပါ့) တက်လို့လဲရောက်လာပါရော၊ ပြန်မည့် ဇာတ်ထုတ်ကိုပြန်ခင်းတယ်. . . (မှန်ပါ့) အတော်အရုပ် မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား) အဲဒါကြောင့် သားက အဖေခေါ် တိုင်း ခင်ဗျားတို့ကပြုံးမနေပါနဲ့၊ သမီးက အဖေခေါ် တိုင်း . . . (မပြုံးပါနဲ့) ပြုံးရသလောက် မဲ့ရမှာကို မြင်လို့ပြောနေ တယ်. . . (မှန်ပါ့ဘုရား)။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အဖေခေါ်တိုင်းပြုံးမနေပါနဲ့
# ကိုယ့်အရေးကစိတ်ချရပြီလား

ဟောကြားသည့်နေ့
(၁၄-၁၁-၁၉၆၀)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

## အဖေခေါ် တိုင်းပြုံးမနေပါနဲ့
## ကိုယ့်အရေးကာစိတ်ချရပြီလား

ဟောကြားသည့်နေ့ (၁၄-၁၁-၆၀)

သတိပေးခန်းတွေကို ရှေ့နားမှာနည်းနည်းပြောပါတယ် (မှန်ပါ့),သတိပေးခန်းက ဘာလဲလို့မေးတော့ ဒကာ ဒကာမတွေ အခု ဘယ်အထဲမှာ မျောနေကြသလဲဆိုတဲ့ဥစ္စာ သိတော့ သားဖို့ သမီးဖို့ ဆွေဖို့ မျိုးဖို့ ကိုယ့်ဖို့ဆိုတဲ့ စီးပွားရေး တဏှာရေထဲမှာ မျောနေကြတယ်. . . (မှန်ပါ့)။ စီးပွားရေး တဏှာရေထဲမှာ မျောနေကြတယ်လို့ မှတ်ကြပါ. . . (မှန်ပါ)။

## လူချင်းတူတူ သူချင်းမျှမျှ

သားခင်မှု၊ သမီးခင်မှု၊ မြေးမြစ်တွေလည်း လူချင်းတူတူ၊ သူချင်းမျှမျှဖြစ်မှု၊ သားကလေးတွေလူလားမြောက်လို့ သမီးကလေးတွေ သူများနဲ့တန်းတူ စားနိုင်ဝတ်နိုင်ဖို့ ဒါတွေတည်းဟူသော အာရုံတွေထဲမှာ တဏှာက ဒီအာရုံတွေကို ခင်တွယ်ပြီး သကာလ ဒီအလုပ်တွေနဲ့ပဲ တောင်ပြေး၊ မြောက်သွားနဲ့ မျောပါနေကြတယ်ဆိုရင် ဒကာသစ်၊ ဒကာကြွယ်တို့ မလွဲဘူး - (မလွဲပါဘုရား)။

ဩော် . . . ဒီဒကာ၊ ဒကာမတွေ ဘာများဖြစ်နေကြပါလိမ့်မတုံးဆိုတော့ တဏှာရေထဲမျောနေကြတယ် - (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမလဲ . . . (တဏှာရေထဲမျောနေကြပါတယ်ဘုရား) တဏှာဆိုတာ ဒကာ၊ ဒကာမတို့ ကာမောဃလို့ခေါ်ပါတယ် . . . (မှန်ပါ့) ကာမောဃလို့မှတ်ထားလိုက်စမ်းပါ၊ ကာမဩဃ ဆိုလိုရင်းပဲ၊ ကာမဂုဏ်ရေထဲမှာမျောနေကြတယ်လို့ဆိုတော့ ဒီကနေ မန္တလေးသွားပြန်လဲ ကိစ္စနှင့်ဘုရား၊ မန္တလေးကတောင်မြို့ပြန်လာတော့ကော . . . (ကိစ္စနဲ့ပါ ဘုရား)။

## ကာမဂုဏ်ရေထဲမျောနေကြတယ်

ဘာကိစ္စတုန်းမေးတော့ တဏှာခိုင်းတဲ့ကိစ္စ (မှန်ပါ့) နောက်မသွားတော့ဘူးလား၊ နောက်မပြန်တော့ဘူးလား

မေးပြန်တော့ ဒီနေရာပဲသွားလိုက်၊ ဒီနေရာပဲပြန်လိုက်၊ ဖြစ်နေတော့ ကာမောဃထဲမှာ မျောကာဆန်ကာနေကြတယ် . . . (မှန်ပါ့)။

ကြာတော့ ဒီနေရာမှာ လှည့်ပတ်ပြီးသကာလနေတော့ သစ်ရွက်ကလေးကိုပဲ ကြာတော့လှည့်ပတ်ပြီးသကာလ ဝဲကကျဉ်းကျဉ်းပြီးသကာလဲ အပါယ်လေးပါးထဲမှာ ဒကာဒကာမတွေမြုပ်ရှာတော့မယ် . . . (မှန်ပါ့) ကာမောဃဝဲထဲမှာပဲ လှည့်လည်ပြီးသကာလ အပါယ်လေးပါးတည်းဟူသော မြုပ်ရာဌာနကို ဒကာကြွယ်၊ ဒကာဦးလှဘူးတို့ မြုပ်မှာ စိုးရိမ်ရတယ်နော် . . . (မှန်ပါ့)။

ဒကာဒကာမတို့ကတော့ သာမညမှတ်နေတယ်၊ ကိစ္စရှိလို့သွားတာဘုရား၊ ကိစ္စမရှိရင်အိမ်ကမထွက်ပါဘူး . . . (မှန်ပါ့) ပြန်လာပြန်တော့ သားရေး၊ သမီးရေး စိတ်မချရတဲ့ကိစ္စ ကိုယ့်ကိုယ်ကို စိတ်မချရတဲ့ ကိစ္စနဲ့ ပြန်ပြီးလာကြပြန်တော့လည်း ဒါလည်း တဏှာမျှောလိုက်လို့မျောတာပဲ (မှန်ပါ့) ဒါဖြင့် ဒကာဒကာမတွေ ဘာဖြစ်နေကြတုံးမေးတော့ ကာမောဃထဲမျောနေကြတယ် . . . (မှန်ပါ့ဘုရား)။

## မျောတဲ့အလုပ်မရပ်ရင်မြုပ်မယ်

ဒကာကြွယ် ကြောက်စရာကြီး . . . (ကြောက်စရာကြီး

ပါဘုရား) ခင်ဗျားတို့ကလည်း ဘုန်းကြီးဆုပေးလိုက်တာက ဣဒံမေ ပုညံ အာသဝက္ခယံဝဟံဟောတု၊ အာသဝေါတရားကုန် ရပါလို၏ ဆုတောင်းကြတယ်၊ ပြီးတော့ ကာမာသဝထဲ ခင်ဗျားတို့ ကမျောတယ် ဘုန်းကြီးကလည်း ကာမာသဝထဲမျောတာ လွတ်ပါစေဆိုပြီး ဘုန်းကြီးကရှေ့ကချပေးတယ်၊ နှုတ်ကတော့ လိုက်ကြပါရဲ့၊ မျောတဲ့အလုပ်ကို မရပ်စဲလို့ရှိရင် မြုပ်ပါလေဦး မယ်ဆိုတာ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

မျောတဲ့အလုပ်လုပ်နေရင် (မြုပ်ပါလိမ့်ဦးမယ်) မြုပ်ပါလိမ့် ဦးမယ်ဆိုတာ အထူးသတိပေးပါတယ်ဒကာကြွယ် . . . (မှန်ပါ့) စင်စစ်ကတော့ ကိစ္စရှိလို့လား၊ တဏှာမျှောလို့မျောရတာလား . . . (တဏှာမျှောလို့မျောရတာပါဘုရား)။

ဒကာသစ် သွားမည်ကြံလို့ရှိရင်ဖြင့် အကျိုးရှိမည့်ကိစ္စ လား၊ တဏှာမျှောလို့ မျောရမှာလားဆိုတာလေးတော့ ဆင်ခြင် ပါဦးဆိုတာသတိပေးပါတယ် . . . (မှန်ပါ့) မပေးထိုက်ဘူးလား . . . (ပေးထိုက်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ အာသဝေါကုန်ရာ ရောက်ရပါလို၏ဆိုပြီး ကိုယ့်ကိုယ်တိုင်ကဖြင့် မျောတာမြုပ်တာ ကိုလုပ်နေလို့ရှိရင် အာသဝေါကုန်နိုင်ပါဦးမလား . . . (မကုန် နိုင်ပါဘုရား)။

## ပါးစပ်ကတော့အပြော

ဒကာကြွယ် ဒါဖြင့်ပါးစပ်ကတော့အပြော၊ အလုပ်သွားက အမျော . . . (မှန်ပါ့) အမျောဖြစ်နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အင်မတန်မနစ်နာဘူးလား . . . (နစ်နာပါတယ်ဘုရား)။

အေး . . . ဒါကြောင့်ကြပ်ကြပ်သတိထားပြီးသကာလ ဒကာဒကာမတို့ ငါဒီလို ဆရာသမား ကိုးကွယ်ဆည်းကပ်နေတာ အမျောသမား အမြုပ်သမားအဖြစ်မှ လွတ်အောင်လို့ဆိုတဲ့စိတ်ထားနဲ့နေကြတာပဲ . . . (မှန်ပါ့)။

သို့သော် . . . ကိုယ့်နေပုံကတော့ဖြင့် အမျောသမား၊ အမြုပ်သမားအဖြစ်နဲ့ ပျော်နေတဲ့အဓိပ္ပါယ်မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား) အဲဒါလောက်ဆိုးဝါးပြီးသကာလ နေတော့ ဒီအချိန်အနည်းငယ် အာသဝရပ်တဲ့ အချိန်ပဲဆိုတာ မှတ်လိုက်ကြစမ်းပါ. . . (မှန်ပါ့ဘုရား)။

အခုတရားနာနေတဲ့အချိန် ဘာအချိန်ပါလိမ့် . . . (အာသဝရပ်တဲ့အချိန်ပါဘုရား) အမျောသမား၊ အမြုပ်သမား အဖြစ်မှ အနည်းငယ်ရပ်ဆိုင်းတဲ့အချိန်ဆိုရင် လွဲပါ့မလား (မလွဲပါဘုရား)။

အဲ. . ရပ်တာကလေးကိုပင် ဒကာဒကာမတွေက ဘြော် . . . စီးပွားရေးထဲက မနည်းကြိုးစားရတယ်လို့ ဆိုပြန်တော့

အမောဖြေတဲ့အချိန်ကို မနည်းကြိုးစားရတယ်လို့ ဆိုတော့ ကောင်းသေးရဲ့လား . . . (မကောင်းပါဘုရား)။

အမောဖြေတဲ့အချိန်ကို ခင်ဗျားတို့က ဘယ်လိုများထင်နေသတုံး. . . (မနည်းကြိုးစားလာရတယ်ထင်ပါတယ်ဘုရား) မနည်း ကြိုးစားရတယ်၊ ဖြစ်မှဖြစ်ရလေဗျာ . . . (မှန်ပါ့ဘုရား)။

## သိပ်မရှုးကြပါနဲ့

ဒကာဒကာမတွေမြည်တာတွန်တာလား၊ ဖြစ်စဉ်ကိုက်လားဆိုတာကို သတိထားပါ. . . (ဖြစ်စဉ်ကိုက်ပါဘုရား) သိပ်မရှုးကြပါနဲ့ဆိုတာသတိပေးပါတယ်၊ အရှူးက သန်လွန်းပါတယ်. . . (မှန်ပါ့) ဒကာကြွယ်မသန်ဘူးလားဗျာ . . . (သန်လွန်းပါတယ်ဘုရား)။

အခုသတိပေးပြီးတော့ တော်တော်ကလေးမြည်တာတောင်အမျောကိစ္စမလွတ်သေးဘူး (မလွတ်ပါဘုရား) ဦးလှဘူးမလွတ်ချင်ဘူးနော် . . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ရန်ကုန်သွားတာအမျောသွားတာ . . . . (မှန်ပါ့) ရန်ကုန်ကပြန်လာတော့ . . . (မျောတာပါဘုရား) ဒီအတိုင်း အမျောသမား၊ အလည်သမားဆိုလို့ရှိရင်တော့ သေရင် သံသရာအပါယ်ငရဲ တောက်လျှောက်သွားလေရဲ့ . . . (မှန်ပါ့ဘုရား)။

## ဆွမ်းသွတ်တဲ့ပုဂ္ဂိုလ်တော့ကုသိုလ်ရမယ်

ဆွမ်းသွတ်တဲ့ပုဂ္ဂိုလ်တော့ကုသိုလ်ရမယ်၊ ဟိုပုဂ္ဂိုလ်တော့ အမျှရစရာမမြင်ပါဘူး . . . (မှန်ပါ့ဘုရား) ဆွမ်းသွတ်နေတောင် ဆွမ်းသွတ်တဲ့ပုဂ္ဂိုလ်ကုသိုလ်ရမယ်၊ ဟိုပုဂ္ဂိုလ်တော့ အမျှရစရာ မမြင်ပါဘူး. . . (မှန်ပါ့) မြင်ကြသေးရဲ့လား (မမြင်ပါဘုရား)။

ဒါလောက် ခင်ဗျားတို့အမျောသမား၊ အမြုပ်သမား အဖြစ်နဲ့ နစ်နာနေလို့ ဒကာဒကာမတွေ ဆရာဘုန်းကြီးများက ဒီလိုအရင်းကျကျနဲ့ မပြောတော့ပါဘူးဆိုရင် ထုံးစံအတိုင်း လုပ်ပါရစေဦး ဖြစ်နေမှာပဲ. . . (မှန်ပါ့) မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## အကျည်းတန်အရုပ်ဆိုးလွန်းလို့

အဲဒါကြောင့်ဆိုးဝါးလွန်းလို့ အကျည်းတန်လွန်းလို့ အရုပ်ဆိုးလွန်းလို့ အာသဝဩဃထဲ မမျောကြပါနဲ့ဆိုတာ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့်တပည့်တော်တို့ လုပ်မစားရတော့ဘူးလား ဘုရားလို့ ဒကာဒကာမတွေ အာသဝေါတရားဘက်ကနေပြီး ကာမာသဝက ရှေ့နေလိုက်ပြီး ပါးစပ်အထွက်ခိုင်းလိမ့်မယ် (မှန်ပါ့) ဟော့. . . အာသဝမင်းမျောခိုင်းလို့ မင်းအမြုပ်ခိုင်းလို့ သံသရာထဲမှာ အိုဘေး၊ နာဘေး၊ သေဘေးတွေဟာ ကိုယ်ပိုင်ပစ္စည်းဖြစ်ခဲ့

ရတယ်ကွ၊ ဒီတစ်ခါ မင့်ကိုတော်လှန်မယ်ကွဆိုပြီး ကိုယ့်ဖြစ်ပျက်နဲ့ ကိုယ့်မဂ်နဲ့ နေလိုက်စမ်းပါ (မှန်ပါ့) ဒါလူချမ်းသာဖြစ်ပါလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

လူချမ်းသာမဖြစ်ချင်ကြဘူးလား . . . (ဖြစ်ချင်ပါတယ်ဘုရား) ဖြစ်ချင်လို့ရှိရင် တကျော့နိုင်အောင်လုပ်၊ ဒိဋ္ဌိနိုင်အောင်လုပ်ပါ . . . (မှန်ပါ့ဘုရား)။

## လူ့ဘဝဟာအင်မတန်ရခဲလို့

ဒါဘယ့်နှယ်ကြောင့် ဒီအကြောင်းကို ဆရာဘုန်းကြီးအရေးတကြီး ပြောရပါလိမ့်မလဲလို့ ဦးလှဘူးတို့၊ ဒကာကြွယ်တို့ကမေးလို့ ရှိရင်ဖြင့် ခင်ဗျားတို့ လူ့ဘဝဟာ အင်မတန်ရခဲပါတယ် . . . (မှန်ပါ့) သမုဒ္ဒရာ ပင်လယ်ကြီးရှိတယ်၊ အဲဒီမှာ ထမ်းပိုးတုံးတစ်ခုကို အပေါက်ကလေးထွင်းပါ၊ ထွင်းပြီးပင်လယ်ထဲမျှောလိုက်ပါ၊ ပင်လယ်ထဲမှာ ပင်လယ်လှိုင်းနဲ့ ပင်လယ်လေနဲ့ တောင်လေလာမြောက်၊ မြောက်လေလာတောင် စသည်နဲ့ သွားမိသွားရာ မသွားပေဘူးလား. . . (သွားပါတယ်ဘုရား)။

အနှစ်တရာ၊ အနှစ်တစ်ထောင်ရှိမှ ပေါ်လာတဲ့လိပ်ကန်းကြီးကလည်း လိပ်ကန်းဆိုတာသွားချင်ရာသွားနေလိမ့်မယ်. . . (မှန်ပါ့) အဲဒီသွားတဲ့လိပ်ကန်းကြီးရဲ့ ခေါင်းနဲ့ ခုနင်က ထမ်းပိုးတုံးအပေါက်ထဲမှာ လည်ပင်းလျှိုမိပြီး ခေတ္တနားခွင့်ကြုံ စရာမြင်ကြရဲ့လား . . . (မမြင်ပါဘုရား)။

## လိပ်ကန်းကြီးနဲ့ထမ်းပိုး

ဒီ. . . ထမ်းပိုးပေါက်ကြီးကလည်း ထမ်းပိုးပေါက်ကလေး တစ်ပေါက်တည်း ပါလာတာကလည်း ဒကာကြွယ်တောင်လေလာမြောက် မြောက်လေလာတောင်နဲ့ သွားချင်သလိုသွားတော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း သူ့မှာလည်း မှန်းခြေပေါက်ရှိရဲ့လား. . . (မရှိပါဘုရား)။

လိပ်ကန်းကြီးလည်း နှစ်ဘက်စုံလုံးကန်းဖြစ်နေတော့ သွားချင်ရာသွား၊ လာချင်ရာလာနဲ့ အရှေ့မှန်းမသိ၊ အနောက်မှန်းမသိ၊ တစ်ခါတလေခေါင်းကလေးဖော်လိုက်တဲ့အခါ ခုနင်က မျောချင်ရာ မျောနေတဲ့ ထမ်းပိုးတုံးအပေါက်ထဲလျှိုမိဖို့ရာ အကြောင်းဟာ မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)။

## သာသနာတွင်းကြုံဖို့ရာဒါထက်ခဲယဉ်းတယ်

အဲဒါ ခင်ဗျားတို့ လူ့ဘဝရပြီး သာသနာတွင်းကြုံဖို့ရာ ဒါ ထက်ခဲယဉ်းသေးတယ် (မှန်ပါ့) အထက် လိပ်ကန်းခေါင်းနဲ့ ထမ်းပိုး တုံးအပေါက်လျှိုမိဖို့ရာက ငါဘုရားမြင်သေးတယ်တဲ့၊ မင်းတို့လူ့ဘဝ ရဖို့ ဒါထက်ခဲယဉ်းသေးတယ် (မှန်ပါ့ဘုရား)။

ဒီတော့ ကိုယ်ရတဲ့ဘဝဟာ ဒကာဒကာမတွေ ပါရမီပြည့်ပြီးသား စုံပြီးသား ဖြစ်လေသောကြောင့် နိဗ္ဗာန်ဆိုတဲ့ ချမ်းသာရာကို ဘယ်အခါမှ မပြုပ် မပျောတဲ့ဆီ သွားဖို့ ဆုတောင်းပြည့်လာ

တဲ့ဘဝကြီးမှာ တစ်ခါမျှော်တဲ့မြုပ်တဲ့အလုပ် သားရေး၊ သမီးရေး၊ စီးပွားရေးကို ရောက်တဲ့နေရာဌာနက အာရုံကလေးလှည့်လိုက်တာနဲ့ အမျှော်သမား၊ အမြုပ်သမား ဖြစ်နေတော့ ဒကာကြွယ် နစ်နာလွန်းတယ် (မှန်ပါ့ဘုရား)။

ဦးလှဘူး ဘယ်နှယ့်နေသတုံး (နစ်နာလွန်းပါတယ်ဘုရား) သေသေချာချာသတိထားပြီး နားထောင်ပါ ဒကာ ဒကာမတို့ ကိုယ့် မှန်းခြေနဲ့ကိုယ် မရစဖူးအရထူးတာနဲ့ အလွဲသုံးစားလုပ်တာနဲ့ ဒကာသစ် ကိုက်ကဲ့လား. . . (မကိုက်ပါဘုရား) မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား)။

ဩော်. . ဒကာဒကာမတွေ ဒါလောက်ထိအောင်ဘုရားဟောထားတာတောင် မသိကြတော့ အိမ်ရာတည်ထောင်ရမှာပဲ၊ သားသမီးမွေးဖွားရမှာပဲ၊ မွေးဖွားရင်ကျွေးရမှာပဲ၊ ဒါဟာကျုပ်တို့လူ့အလုပ်ဆိုတော့ နဂိုကအပါယ်ကတက်လာကြတုန်းက လူချမ်းသာဖြစ်အောင်လို့ ဒီမှာတော့လူဆင်းရဲဖြစ်တဲ့အလုပ်ကြီးပျော်နေတယ်၊ ဒကာကြွယ် တော်ရဲ့လားလို့မေးဖို့မလိုဘူးလား . . . (လိုပါ တယ်ဘုရား)။

## လူချမ်းသာလား

အခုလူချမ်းသာလား၊ လူဆင်းရဲလားဆိုတော့ မလုပ်ဘဲနဲ့ စားရတဲ့ ပဒေသာပင်ပေါက်တဲ့လူ ဘယ်မှာရှာတွေ့လိမ့်မလဲ

(မတွေ့ပါဘုရား) လုပ်ကိုင်မှ စားရတာချည့်ဆိုတော့ လူချမ်းသာ ပါကြရဲ့လား . . . (မပါပါဘုရား)။

ခင်ဗျားတို့နဂိုရ်က လူ့ပြည်ရောက်လို့ရှိရင်ဖြင့် လူ့ပြည် ရောက်ကြောင်း လူချမ်းသာဖြစ်ရပါလို၏ ဆုတောင်းတော့ လူချမ်း သာမဟုတ်တာတောင် လူချမ်းသာမဟုတ်မှန်း မသိ သေးဘူး. . . (မှန်ပါ့) အပါယ်ငရဲကတက်ကတည်းက လူ့ဘဝ ရခဲတယ်ဆိုတာ လိပ်ကန်းနဲ့ ထမ်းပိုးတိုးမိစရာရှိသေးတယ်၊ လူ့ဘဝရဖို့ခဲယဥ်းသေးတယ် . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ ရခဲလှတဲ့ဘုံဘဝကြီးရောက်တဲ့ ဥစ္စာ နိဗ္ဗာန်ချမ်းသာကို အရယူတော့မယ်ဆိုတဲ့စိတ်ထားမမွေးဘဲနဲ့ ပြင်ဘက်ပတ်ဝန်းကျင် အာရုံတွေလှည့်စားလိုက်တာနဲ့ ဒကာကြွယ်တို့ ဒေါင်ချာစိုင်းနေတာပဲ(မှန်ပါ့) တယ်လည်း ဆိုးဝါး နေပါကလား. . . (ဆိုးဝါးပါတယ်ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ဟန်လုပ်ပြီးမနေလိုက်ပါနဲ့

ဟန်ကလေးပန်ကလေးလုပ်ပြီးတော့ မနေလိုက်ပါနဲ့ ဒကာ ဒကာမတွေ သေခါနီးကျတော့ ငရဲအိုးတွေ ငရဲနိမိတ်တွေ တစ်ယောက်တည်းမြင်လာမှ မျက်ရည်ကြီးငယ်ကျမှာစိုးလွန်းလို့ အခု ကြွားသလောက် မဲ့ရာမှာတွေ မြင်လို့ဆရာသံမားက

အစောကြီး သတိပေးနေတယ်ဆိုတာ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) ဒကာသစ် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေဘယ်လို လမ်းဆုံးသတ်မတုံးလို့ မေးဖို့မလိုလာဘူးလား. . . (လိုလာပါတယ်) လိုလာ တော့ မရစဖူး အရထူးတဲ့ ဘဝကြီးက နိဗ္ဗာန်ကူးနိုင်တယ်လို့ မှတ်ကြစမ်းပါ . . . (မှန်ပါ့ဘုရား)။

## ဆရာသမားနဲ့ဆုံပြန်တယ်

လူ့ဘဝကို အခု ခင်ဗျားတို့ရလာတာ ဆရာဘုန်းကြီးဟောလို့ သစ္စာပဋိစ္စ သမုပ္ပါဒ်ကိုလည်း ခင်ဗျားတို့ကြားနာရတာများပါပြီ (များပါပြီဘုရား) သစ္စာဟောတဲ့ ဆရာသမားများနဲ့လည်း လာပြီးတော့ ကြုံပြန်ဆုံပြန်တယ်. . . (မှန်ပါ့ဘုရား)။

သာသနာတော်ကြီကလည်းရှိသေးတယ်၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရားက မကွယ်သေးဘူး (မှန်ပါ့) မကွယ်သေးတော့ ကျွတ်တမ်းဝင်နိုင်မည့် ဘဝကြီးကို သားသမီး၊ ပစ္စည်းဥစ္စာဘေးအန္တရာယ်ပတ်ဝန်းကျင်နှိပ်စက်တာနဲ့ ခင်ဗျားတို့အရကြီးရတာက အမြုပ်ကြီးမြုပ်သွားလို့ရှိရင် ဒီထက်ကိုယ်ကျိုးနည်းရှိသေးရဲ့လား . . . (မရှိပါဘုရား)။

အဲဒီတော့ အင်မတန်စိုးရိမ်လို့ ယနေ့ရှေ့ပိုင်းမှာ ဒါထည့်ပေးတယ်. . . (မှန်ပါ့) မထည့်သင့်ဘူးလား. . . (ထည့်သင့်ပါတယ်ဘုရား)။

## ကိုယ့်အရေးစိတ်ချရပြီလား

အဲဒါကြောင့် ဒကာဒကာမတွေ သားကလေး မကြီးသေးလို့၊ သမီးကလေးနေရာမချသေးလို့ ဆိုတာမျိုးတွေ ဝင်မရှုပ်စေနဲ့ (မှန်ပါ့) ကိုယ့်အရေးက အိုဘေး၊ နာဘေး၊ သေဘေးက စိတ်ချရမလား. . . (စိတ်မချရသေးပါဘုရား)။

မချရသေးလို့ရှိရင် ဒီသားကလေးမကြီးသေးလို့ သမီးကလေးနေရာမချရသေးလို့ စသည်နဲ့ ခင်ဗျားတို့ဘာအပိုတွေထည့်ပြောနေစရာလိုသတုံး . . . (မှန်ပါ့ဘုရား) အဲဒါ ကြပ်ကြပ်စဉ်းစားပြီး ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်ကိုက်အောင် ထွက်ရပ်လမ်းအလုပ်ကို လုပ်ပါတော့မယ်ဆိုတဲ့ စိတ်ကို သန်သန်ထွားထွားကြီး မွေးလိုက်စမ်းပါ. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား) ရခဲတဲ့ ဘဝဆိုတာကောသေချာပလား . . . (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သိန်းတစ်ရာ လောက်အဖိုးတန်တဲ့ ပတ္တမြားတုံးထက်မက အဖိုးတန်တဲ့. . . တန်ဖိုး မဖြတ်နိုင်တဲ့ လူ့ဘဝခန္ဓာကိုယ်ဘဝကြီး ရထားတယ် (မှန်ပါ့) သစ္စာ ထောင်တတ်တဲ့နားကိုလည်း ရထားတယ်. . . (မှန်ပါ့ဘုရား)။

ဒီနားသည် ဒုက္ခခပ်သိမ်းကို သိမ်းနိုင်တဲ့နားပါ၊ ဒီနားက ဉာဏ်ကို ကျေးဇူးပြုတော့မယ်. . . (မှန်ပါ့) အဲဒီတော့ ဒါတွေကို

မထောင်ဘဲနဲ့ နားကို အလွဲသုံးစားလုပ်ပစ်ရင် ဒကာကြွယ်သွားရောပေ့ါဗျာ. . . (မှန်ပါ့) မသွားသေးဘူးလား . . . (သွားပါတယ်ဘုရား)။

အဲဒါ အဖိုးတန်တာကို အလွဲသုံးစားလုပ်တော့ ဩော်. . . ခင်ဗျားတို့ဆိုးဝါးလွန်းတယ်ဆိုတာ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)။

ဒကာဒကာမတွေ ဘုန်းကြီးပြောတာ ကြပ်ကြပ်ဂရုစိုက်ပါ၊ ခင်ဗျားတို့ အလွဲသုံးစားများလွန်းလို့ (မှန်ပါ့) တချို့မှာ ၂၄နာရီရှိတဲ့ အနက်က ၂၄နာရီစလုံးဟာ တစ်ခါတည်းသားရေး၊ သမီးရေး၊ စီးပွားရေး ပင်လယ်ထဲမှာ မျောပြီးသကာလ မြုပ်တဲ့ အလုပ်ကိုသာ လုပ်နေကြတော့ ဒကာကြွယ်မှန်းခြေပေါက်ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘုရား)။

## သားကအဖေခေါ်တိုင်းပြုံးမနေပါနဲ့

ငရဲကတက်လာတုန်းက ဒီနေရာမပြန်တော့ပါဘူးဆိုပြီး တက်လာကြတယ် (မှန်ပါ့) တက်လို့လဲရောက်လာပါရော၊ ပြန်မည့် ဇာတ်ထုတ်ကိုပြန်ခင်းတယ်. . . (မှန်ပါ့) အတော်အရုပ်မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား) အဲဒါကြောင့် သားကအဖေခေါ်တိုင်း ခင်ဗျားတို့ကပြုံးမနေပါနဲ့၊ သမီးက အဖေခေါ်တိုင်း . . . (မပြုံးပါနဲ့) ပြုံးရသလောက် မဲ့ရမှာကို မြင်လို့ပြောနေတယ်. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်လည်း ခင်ဗျားသမီးတစ်ယောက်နဲ့ ဗျာများမနေစမ်းပါနဲ့. . (မှန်ပါ့) သတိမပေးသင့်ဘူးလား . . . (ပေးသင့်ပါတယ်)သဘောကျပလား. . . (ကျပါပြီ) ဗျာပါ မပွေစမ်းပါနဲ့ ကိုယ့်အရေးမပြီးသေးလို့ပါ. . . (မှန်ပါ့ဘုရား)။

ကိုယ့်အရေးပြီးတော့ခင်ဗျားတို့ ပခုံးပေါ်ကမချဘဲ နေပါကိစ္စ မရှိပါဘူး. . . (မှန်ပါ့) ကိုယ့်အရေးမပြီးခင်တော့ဖြင့် ဒကာဒကာမတို့ ခင်ပွန်းရေးလည်းအသာထား၊ ချိတ်ထားဦး၊ သားကလေး သမီးကလေးလည်း အသာချိတ်ထားစမ်းပါ။ ငတ်တော့မသေဘူး . . . (မှန်ပါ့ဘုရား)။

## ကိုယ့်ဒုက္ခလွတ်ရေးကိုရှေ့ထားပါ

ငါ့အရေးမပြီးသေးလို့ ဒီဥစ္စာကိုဖြင့် ငါသည် ဂရုမစိုက်သေးဘူးကွ၊ ဒါကြောင့်ဆရာဘုန်းကြီးက သီတင်းနေ့ကဟောခဲ့တယ်၊ ဒကာဒကာမတို့ ခင်ဗျားတို့ဟာကိုယ့်ဒုက္ခလွတ်ရေးကို ရှေ့ထားပါ၊ ကိုယ့်သားရေး၊ သမီးရေးကို နောက်ထားပါ (မှန်ပါ့) ဒီအစီအစဉ်ကလေးပြောင်းပေးစမ်းပါ. . . (မှန်ပါ့ဘုရား)။

ကိုယ့်ဒုက္ခလွတ်ရေးကို. . . (ရှေ့ထားရပါမယ်) သားရေး၊ သမီးရေး၊ စီးပွားရေးကို (နောက်ထားရပါမယ်) ရှေ့နောက်ခွဲရုံနဲ့မွဲပါ့မလားဗျ. . . (မမွဲပါဘုရား) မမွဲနိုင်ပါဘူး. . . (မှန်ပါ့) ရှေ့နောက်ခွဲရုံနဲ့ မမွဲနိုင်ပါဘူးဆိုတာကို သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

## အသေလွတ်တဲ့အရေးရှေ့ထားပါ

ဒီဘုန်းကြီး ဒို့ကို ဘယ်လိုပြင်ချင်လို့များ ခိုင်းလိုက်ပါလိမ့် မလဲလို့ မေးလို့ရှိရင် အားလုံးဒကာဒကာအမတွေ အသေလွတ်တဲ့ အရေးကို ရှေ့ထားပါ. . . (မှန်ပါ့) အသေလွတ်တဲ့ အရေးကို ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်တဲ့အရေးကိုရှေ့ထားပါ. . . (မှန်ပါ့) သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်မှလုပ်ပါ၊ နောက်ထားပါ. . . (မှန်ပါ့ဘုရား)။

ဩော်. . . ဘုန်းကြီးကဖြင့် ယနေ့ ရှေ့နောက် အခွဲခိုင်းပြီ (မှန်ပါ့) ဒကာကြွယ် ဘာတိုက်တွန်းပါလိမ့်. . . (မှန်ပါ့ဘုရား)။

## ကံကောင်းဉာဏ်ကောင်းတုန်းလုပ်ရတယ်

ဘယ်နှယ့်ကြောင့် ဆရာဘုန်းကြီး ရှေ့နောက်အခွဲခိုင်းပါလိမ့်မလဲလို့ ဘုန်းကြီးတို့ဒကာဒကာမတွေကမေးလိုက်တော့ သူတော်ကောင်းအလုပ်ဆိုတာ ကံကောင်း၊ ဉာဏ်ကောင်းတုန်းကို လုပ်ရတယ်. . . (မှန်ပါ့) အသက်ကြီးမှ ကံမွဲ ဉာဏ်မွဲနဲ့ လုပ်လို့. . . (မရပါဘုရား)။

အခုတော့ဒကာကြွယ်တို့လူစုက ပြောင်းပြန်ဖြစ်နေတယ် (မှန်ပါ့) သူတော်ကောင်းအလုပ်ကိုနောက်ထားတယ်၊ မဟုတ်ဘူးလား. . . (မှန်ပါ့) သားရေး၊ သမီးရေး၊ စီးပွားရေးကို (ရှေ့ထားပါတယ်ဘုရား)။

## ကံမွဲဉာဏ်မွဲနဲ့ခရီးမပေါက်

ဒါဖြင့် ကံကောင်း၊ ဉာဏ်ကောင်းတွေကို တကျော့ခိုင်းတာနဲ့ ဖြုန်းပစ်ခဲ့တယ်(မှန်ပါ့) ကံမွဲ၊ ဉာဏ်မွဲနဲ့ နိဗ္ဗာန်ယူမယ်ဆိုတော့ (မရနိုင်ပါဘုရား) မရနိုင်တဲ့အချိန်မှ လိုချင်တော့ခရီးမရောက်ဘူး. . . (မှန်ပါ့) ခရီးရောက်သင့်သလောက်မရောက်နိုင်ဘူးဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဟာက ပါးကိုမပါးသေးဘူး၊ ဒကာသစ်တို့၊ ဒကာကြွယ်တို့ ဦးလှဘူးတို့က ပါးကိုမပါးသေးဘူး (မပါးပါဘုရား) ရှေ့နောက်မှ မခွဲတတ်ဘဲကိုး . . . (မှန်ပါ့) ကံကောင်းဉာဏ်ကောင်းနဲ့ နိဗ္ဗာန်ယူမည့်ဥစ္စာကို ကံကောင်းဉာဏ်ကောင်းတွေကို တကျော့ခိုင်းတုန်းက အရွယ်ကောင်းတုန်းကဖြုန်းပစ်ခဲ့တယ်. . . (မှန်ပါ့ဘုရား)။

ကံမွဲ ဉာဏ်မွဲကျမှ ဆရာသမားဆီကိုလာရှာတော့ ဘယ့်နှယ်ကြောင့်ဖြစ်ပျက်တွေ သူများမုန်းတယ်ဆိုပါလျက်သားနဲ့ ဒို့မှာမုန်းဉာဏ်မလာပါဘူး(မှန်ပါ့) ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဒုက္ခသစ္စာဆုံးရင် နိရောဓသစ္စာ အရှိသားနဲ့ ဒို့မမြင်ပါဘူးလို့ညည်းနေတဲ့ပုဂ္ဂိုလ်ဟာ ရှေ့နောက်လွဲခဲ့လို့ . . . (မှန်ပါ့)။

## အလွဲကိုပြင်ပေးနေတာ

ဒီစကားကို ဒကာကြွယ်တို့၊ ဒကာသစ်တို့က သေးသေး

သိမ်သိမ်မှတ်မနေနဲ့၊ ကိုယ့်အလွဲကို ပြင်ပေးနေတာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) ဘာပြင်ပေးနေတာတုံး. . . (ကိုယ့်အလွဲကို ပြင်ပေးနေတာပါဘုရား) ခင်ဗျားတို့က ရှေ့နောက် ခွဲဖို့ရာ ဘယ့်နှယ်ဖြစ်နေသတုံး. . . (လွဲနေပါတယ်) လွဲနေတယ် ဆိုတာရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ကံကောင်းဉာဏ်ကောင်းတွေကို တဏှာခိုင်းတာနဲ့အသုံးချပစ်ခဲ့ပြီး၊ ကံမွဲ၊ ဉာဏ်မွဲနဲ့ကျမှ ဆရာဘုန်းကြီးဆီရောက်လာတော့ ခင်ဗျားတို့ကော်မထုတ်တာ တမယ်ရှိတော့တယ် (မှန်ပါ့)၊ ဘာဖြစ်လို့တုံး ကံမွဲဉာဏ်မွဲမှ လာတာကိုးဗျ. . (မှန်ပါ)၊ တော်တော်နဲ့ပေးလို့ရပ့ါမလား. . . (မရပါဘုရား)၊ အဲဒီမှာ ဒကာကြွယ်တို့ ဒကာသစ်တို့ သိပ်ပြီးနစ်နာတာ. . . (နစ်နာပါတယ်ဘုရား)။

## ပေနိုင်သမျှ ပေလုပ်ရမှာပဲ

အဲဒီတော့ ဒို့ကလည်း လာမိတာ ရှေ့နောက်ကလည်း အခွဲကလွဲသွားတော့ ကံမွဲဉာဏ်မွဲမှ အလုပ်လုပ်ရတော့ အနိစ္စအချက်မမြင်မခြင်းတော့ ကံမွဲဉာဏ်မွဲနဲ့ ပေနိုင်သ၍ ပေလုပ်ရမှာပဲဆိုပြီး လုပ်ဖြစ်အောင်လုပ်ပါ. . . (မှန်ပ့ါ)၊ နည်းနည်းမြင်လာမယ်ဆိုလို့ရှိရင် ဖြစ်ပျက်မြင်လို့ရှိရင်ဖြင့် မုန်းဖို့ရာ နီးပြီဆိုပြီး ကြိုးစားလုပ်. . . (မှန်ပ့ါဘုရား)။

ကံကောင်း ဉာဏ်ကောင်းက အလွဲသုံးစားဖြစ်ခဲ့တော့ ဒကာကြွယ် ကံမွဲ ဉာဏ်မွဲနဲ့ လုပ်ရတော့ ခင်ဗျားတို့ ခက်ပေမယ့် လုပ်ရလိမ့်မယ်. . . (မှန်ပါ့)၊ မလုပ်ရဘေဘူးလား. . . (လုပ်ရပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒုက္ခချုပ်တာသည် နိဗ္ဗာန်ပဲလို့ ဘုရားက 'ဒုက္ခဿအန္တံ ကရိဿတိ' ဒုက္ခဿ = ဖြစ်ပျက်ဒုက္ခ၏၊ အန္တံ = အဆုံးကို၊ ကရိဿတိ = ပြုနိုင်လတ့် (ဝါ) အားထုတ်ရင်း မတ္တနဲ့ မုန်းပြီးရင် မြင်လိမ့်မယ်လို့ ဟောပါလျက်သားနဲ့ ကိုယ်တိုင်မမြင်တာသည် ဘာကြောင့်ပါလိမ့်မလဲလို့ မေးလို့ရှိရင် ကံမွဲဉာဏ်မွဲနဲ့ ကြိုးစားလို့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ရှေ့နောက်လွဲနေလို့ပါ

အဲဒီတော့ အခု ကြိုးစားလို့နည်းနည်းကြာတဲ့ပုဂ္ဂိုလ်များဟာ သူများအပြစ်လား ကိုယ့်အပြစ်လား. . . (ကိုယ့်အပြစ်ပါဘုရား)၊ ကံကောင်း ဉာဏ်ကောင်းတွေ ဘယ်ထဲသုံးပစ်ခဲ့သတုံး (တဏှာခိုင်းတဲ့အထဲ သုံးပစ်ခဲ့ပါတယ်ဘုရား)၊ ကံမွဲ ဉာဏ်မွဲကျမှ ဆရာဘုန်းကြီးဆီရောက်လာတော့ ဩော်. . . တော်တော်နဲ့ မြင်ပါ့မလား. . (မမြင်ပါဘုရား)၊ တော်တော်နဲ့မုန်းနိုင်ပါမလား (မမုန်းနိုင်ပါဘုရား)၊ တော်တော်နဲ့ဆုံးနိုင်ပါ့မလား. . . (မဆုံးနိုင်ပါဘုရား)၊ အဲဒါတွေ ဘာကြောင့်တုံးဆိုတော့ ရှေ့နောက်လွဲနေလို့. . . (မှန်ပါ့ဘုရား)။

## အရင်မူဟောင်းတွေဖျက်ကြစမ်းပါ

ဘယ်လိုမှတ်ကြမယ်. . . (ရှေ့နောက်လွဲနေလို့ပါဘုရား)၊ ရှေ့နောက်လွဲတာကို အမြန်လည်းလိုချင်သေးဆိုတော့ ဒကာကြွယ် ရပါမလား. . . (မရပါဘုရား)၊ ဘယ်ကစလွဲတာတုံး ခင်ဗျားတို့ အရင်ကတည်းက စလွဲတာမဟုတ်လား. . . (မှန်ပါ့)၊ အဲဒါကြောင့် ဒကာ ဒကာမတို့ အရင်မူဟောင်းတွေ ဖျက်ကြစမ်းပါ. . . (မှန်ပါဘုရား)။

အရင်မူတွေ ဖျက်ကြစမ်းပါဆိုတာ တခြားမဟုတ်ဘူး၊ အရွယ်ကောင်းတုန်းဥစ္စာပေါ့ကွာ အသက်ကြီးတော့မှ ပညာရှာတာပေါ့ဆိုတော့ ဒကာကြွယ် လွဲမနေဘူးလား. . . (လွဲပါတယ်ဘုရား)၊ ငယ်ငယ်တုန်းက ဥစ္စာ၊ ကြီးတော့ပညာ၊ ပညာဆိုတာ ဝိပဿနာ ပညာတွေပေါ့ဗျာ. . . (မှန်ပါ့)၊ သူတို့ပြောသလို ဟုတ်ကဲ့လား. . . (မဟုတ်ပါဘုရား)။

## တော်တော်လုပ်ယူမှရမယ်

ကံကောင်း ဉာဏ်ကောင်း ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)၊ ကံမွဲ ဉာဏ်မွဲနဲ့ရှာတော့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး တော်တော်နဲ့တွေ့နိုင်ပါ့မလား. . . (မတွေ့နိုင်ပါဘုရား)၊ အဲဒါကြောင့် ညည်းညည်းညူညူနဲ့ လုပ်မနေနဲ့ ကိုယ့်ကိုယ်က

မူတည်လွဲလို့ တော်တော်လုပ်ယူမှ ရမယ်ဆိုတာ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမယ်. . . (တော်တော်လုပ်ယူရမှာပါဘုရား)၊ ဘာကြောင့် တော်တော်လုပ်နေရပါလိမ့်. . . (ကံမွဲဉာဏ်မွဲနဲ့ကျမှ လုပ်လို့ပါဘုရား)၊ ကံကောင်း ဉာဏ်ကောင်းတွေကိုတော့ ဘယ်မှာအလွဲသုံးစားလုပ်ခဲ့ပါလိမ့်. . . (တဏှာခိုင်းရာမှာ အလွဲသုံးစားလုပ်ခဲ့ပါတယ်ဘုရား)။

ဖြစ်မှဖြစ်ရလေဗျာ၊ နို့မဟုတ်လို့ရှိရင် ငယ်ငယ်ရွယ်ရွယ်ကသာ ဆရာသမားများနဲ့တွေ့ပြီး အားထုတ်ရင် ဒါလောက်ကြာမှာမဟုတ်ဘူး. . . (မှန်ပါ့)၊ ကြာစရာမြင်ရဲ့လား. . . (မမြင်ပါဘုရား)၊ အခုတော့ ဒကာကြွယ်တို့က ရှေ့နောက် ဘယ့်နှယ်ဖြစ်နေသလဲ. . . (လွဲနေပါတယ်ဘုရား)။

ကံကောင်း ဉာဏ်ကောင်းတွေ ဘယ်မှာသုံးခဲ့သလဲ (တဏှာခိုင်းတဲ့ဆီ သုံးခဲ့ပါတယ်)၊ သားကျွေးမှု၊ သမီးကျွေးမှုဘက်ကို ကံကောင်း ဉာဏ်ကောင်းတွေ ဖြုန်းလာခဲ့တယ်. . . (မှန်ပါ့) ကံမွဲဉာဏ်မွဲမှ ကယ်ပါဦး၊ ယူပါဦးဆိုသလို ကမ္မဋ္ဌာန်းဌာန ရောက်လာတယ်၊ တော်တော်ကြာ မထင်နိုင် မမြင်နိုင်လို့ ပြန်ပြေးချင်တာက တကဲကဲ. . . (မှန်ပါ့)၊ ဖြစ်မှဖြစ်ရလေဗျာ. . . (မှန်ပါ့)၊ ဒကာကြွယ် သဘောကျပလား. . . (ကျပါပြီဘုရား)။

## အသေလွတ်တဲ့အလုပ်ရွေ့ထားလုပ်

ဒီကရှေ့တော့ အရွယ်ငယ်ငယ်ကလေးတွေလည်း ဒီအထဲမှာ အများကြီးပါပါတယ်. . . (မှန်ပါ့)၊ အရင်လူကြီးတွေကို အတုမခိုးနဲ့ မဖြစ်ကြစေနဲ့ဟော့လို့ မှာလိုက်ရတယ်. . . (မှန်ပါ့)၊ ကံကောင်း ဉာဏ်ကောင်းတွေရှိတုန်းကို အသေလွတ်တဲ့ အလုပ်ကိုရွေ့ထားပြီးလုပ်လိုက်ပါ. . (မှန်ပါ့)။

ကိစ္စပြီးတဲ့အခါကျတော့မှ သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်ကြတာပေါ့ . . . (မှန်ပါ့)၊ ဒကာကြွယ် ဒီလိုမပြောသင့်ဘူးလား. . . (ပြောသင့်ပါတယ်ဘုရား)၊ ပြောသင့်တယ်၊ ဒို့တော့ လွဲပဟော့. . .၊ နောက်ကလူတွေကို ဒီအတိုင်း သတိပေးလိုက်စမ်းပါ. . . (မှန်ပါ့)၊ မပေးသင့်ဘူးလား. . . (ပေးသင့်ပါတယ်ဘုရား)။

အခုတော့ လူကြီးတွေကိုက ဖြစ်နေကြလိုက်တာ အရွယ်ရှိတုန်း ဥစ္စာဟော့နော်၊ ကြိုးစားလိုက်ကြ၊ ပြီးတော့ မင်းတို့သံသရာရေးကရှိသေးတယ်၊ အဲဒီအချိန်ကျတော့ ပညာကလည်း လုပ်ရဦးမှာဆိုတော့ လူကြီးကိုက အစဉ်လွဲနေတယ်. . . (မှန်ပါ့)၊ မလွဲဘူးလား. . . (လွဲပါတယ်ဘုရား)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်စဉ်ပြပါတော့မယ်၊ အလုပ်စဉ်ပြပါတော့မယ်ဆိုတော့ မနေ့ကဟာပဲ နည်းနည်းထပ်ပြောပြီးတော့မှ သိကြားကိုဆက်ကြရအောင်နော်. . (မှန်ပါ့)။

## ထွက်တာသိ ဝင်တာသိနေပါ

ဒကာ ဒကာမတို့ အလုပ်စဉ်နှစ်ရက်ပြောပါတယ်၊ အလုပ်လည်းလုပ်ကြပါ ဘုရားရှေ့မှာထိုင်၊ အိပ်ရာပေါ်မှာထိုင်၊ ထိုင်ချင်တဲ့နေရာမှာထိုင်ပါ၊ ထိုင်ပြီးသကာလ အသက်ကို မှန်မှန်ရှူပါ။ လေကလေး အပြင်ဘက်ထုတ်တာလည်း သိနေပါ၊ နှာခေါင်းဖျားမှာ စိတ်ထားပြီး. . . (မှန်ပါ့)၊ လေကလေး ဝင်လာတာကော (သိနေရပါမယ်ဘုရား)၊ ထွက်တာကော. . . (သိနေရပါမယ်ဘုရား)၊ ဝင်တာကော. . . (သိနေရပါမယ်ဘုရား)။

## သမထမှတ်ပါ

အဲဒီ့ကဲ့သို့ သိသိနေတော့ ဒါဟာ သမထမှတ်လိုက်တာ. . . (မှန်ပါ့)၊ ဒကာကြွယ် ဘာကိုမှတ်လိုက်တာပါလိမ့်. . . (သမထကို မှတ်လိုက်တာပါဘုရား)၊ အာနာပါနဆိုတဲ့ သမထ ကို မှတ်လိုက်တယ်. . . (မှန်ပါ့ဘုရား)။

## ဝိပဿနာဘက်သို့ကူးကြစို့

ကဲ. . . သမထမှတ်ရင်းနဲ့ သမထက နိဗ္ဗာန်ရောက်တာ မဟုတ်လေသောကြောင့် ဝိပဿနာဘက်သို့ ကူးကြပါစို့. . (မှန်ပါ့) သမထကို မှတ်ရုံတည်ပြီးသကာလ ခန္ဓာကိုယ်မှာ ရှူရင်းရှိုက်ရင်းနဲ့ပဲ သမာဓိတည်ပြီးသကာလ လာတဲ့အခါကျလို့ရှိ

ရင် ထွက်လေလည်းသိ၊ ဝင်လေလည်းသိ၊ ဥပမာ ဟိုနေရာက ယားလာတယ်၊ ဒီနေရာက ယံလာတယ်ဆိုလို့ရှိရင် ထွက်လေ ဝင်လေ သိနေတဲ့ စိတ်ကလေးဖြုတ်လိုက်၊ ယားတဲ့ ယံတဲ့နေရာကို ဉာဏ်ကလိုက်ပါ. . . (မှန်ပါ့)။

## ဖောက်ပြန်တာနဲ့ပျက်စီးတာ

ဩော်. . . ဒီနေရာမှာ အရင်တုန်းကမရှိဘူး၊ အခု ဖောက်ပြန်လာတာပါကလား၊ ဖောက်ပြန်လာတာ ပျောက်သွားတာက ပျက်စီးတာ. . . (မှန်ပါ့)၊ ဩော်. . . ဒါဖြင့် ဖြစ်ပေါ်လာတာနဲ့ ပျက်စီးတာပဲရှိတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အထက်ပါနည်းဖြုတ်ပြီးသကာလ ခုနင်က နာတဲ့ နေရာကလေးလိုက်လိုက်တော့ ဘာတွေ့သတုံးဆိုတော့ ဖောက်ပြန်တာရယ်၊ ပျက်စီးတာရယ်တွေ့တယ်. . . (မှန်ပါ့)၊ ဖောက်ပြန်တာ ပျက်စီးတာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။

## ဖောက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာ

ဩော်. . . ဘုရားက ဒုက္ခသစ္စာလို့ ဟောတာ ဟုတ်သားပဲ၊ ဒီနေရာမှာပဲ ဖောက်ပြန်ပြီးပေါ်တယ်၊ ဒီနေရာမှာပဲ ဖောက်ပြန်ပြီး ပျောက်ပျက်သွားတယ်ဆိုတော့ ဖောက်ပြန်

ပျက်စီးတာသည် ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)၊ ဖောက်ပြန် ပျက်စီးတာကလေးသိတာ. . . (မဂ္ဂသစ္စာပါ)၊ အဲဒီလိုကလေး ဒကာ ဒကာမတွေ အာနာပါနဖြတ်ပြီး ဖောက်ပြန်ပျက်စီးတဲ့ နေရာကလေး ဉာဏ်လှည့်လှည့်သွားစမ်းပါ. . . (မှန်ပါ့)။

## သိတာကမဂ္ဂသစ္စာ

ဥပမာ ခါးကနေယားပြန်တယ်၊ ဒါဟာ ဘာတုံး ဖောက် ပြန်တာပဲမဟုတ်လား. . . (မှန်ပါ့)၊ ကြည့်လိုက်တော့ ဘယ့်နှယ် ဖြစ်သွားသတုံး. . (ပျက်သွားပါတယ်)၊ ဖောက်ပြန်ပျက်စီးတာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာလို့ သိလုံးကလေးက ဘာပါလိမ့် (မဂ္ဂသစ္စာပါ)၊ အဲဒီလိုကလေး ရှောက်ရှောက်ပြီး သကာလ သိသိသွားတော့ ဒီကြားထဲမှာ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ အခုမှ ပေါ်လာတာ၊ ဖောက်ပြန်လာပြန်ပြီ. . . (မှန်ပါ့)၊ ကြည့်လိုက်တော့ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

## တစ်ကိုယ်လုံး ဒုက္ခသစ္စာချည့်တွေ့တယ်

ပျက်စီးသွားပြန်ပြီ ဒါကလေးက ဘာသစ္စာ. . . (ဒုက္ခ သစ္စာပါဘုရား)၊ ဖောက်ပြန်ပျက်စီးတယ်လို့ သိတဲ့ဉာဏ်ကလေး က (မဂ္ဂသစ္စာပါဘုရား)၊ အဲဒီချည့်လိုက်နေတော့ တစ်ကိုယ်လုံး မှာ ဒုက္ခသစ္စာတွေချည့် တွေ့လိမ့်မယ်. . . (မှန်ပါ့)၊ ဘာတွေ တွေ့ပါလိမ့်မတုံး. . . (ဒုက္ခသစ္စာတွေချည့်တွေ့ပါတယ်ဘုရား)။

အဲဒီတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ' ခန္ဓာငါးပါးစလုံး ဒုက္ခသစ္စာပဲဆိုတာ ရှေးကရှာမတွေ့ဘူး၊ အခုတော့ဖြင့် ဖောက်ပြန်ပျက်စီးတဲ့နေရာကလေး ဉာဏ်နဲ့လိုက်လိုက်၊ လိုက်လိုက်ကြည့်လိုက်တော့ ဒုက္ခသစ္စာချည့် ဖြစ်နေပါကလားလို့ ဒကာကြွယ် ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)၊

ပေါ်လာတော့ သမာဓိက ကြည်လိုက်လာတယ်၊ ဉာဏ်ပညာတွေကလည်း တက်တက်လာကြတော့ တစ်ကိုယ်လုံးမှာ ဟိုနေရာက ဖောက်ပြန်ပျက်စီး ဒီနေရာက ဖောက်ပြန်ပျက်စီး၊ ဒီစိတ် ကလေးပေါ်လာတယ်၊ ဖောက်ပြန်ပျက်စီး၊ ဒီဝေဒနာကလေး ပေါ်လာတာကော. . . (ဖောက်ပြန်ပျက်စီးပါတယ်ဘုရား)။

## ခန္ဓာကိုယ်၏သဘောသိသွားပြီ

အကုန်ဖောက်ပြန်ပျက်စီးတာချည့် တစ်ကိုယ်လုံးမှာအပ်သွားချစရာမရှိအောင်ပေါ်လာတယ်. . . (မှန်ပါ့) မပေါ်လာသေးဘူးလား. . . (ပေါ်လာပါတယ်ဘုရား) ထိုကဲ့သို့ပေါ်လာတဲ့အခါကျတော့ "ကာယေသဘာဝံ ဝိဒိတ္ဝာန" ဆိုတဲ့အတိုင်း ခန္ဓာကိုယ်၏သဘောကို သိသွားပြီ. . . (မှန်ပါ့)။

ခန္ဓာကိုယ်၏သဘောကို သိသွားတယ်ဆိုတာက ဒုက္ခ

သစ္စာကြီးလို့ နဂိုကဘုရားဟောထားတာ မသိလို့ ယခုတော့ ကိုယ့်ကိုယ်ဟာ ဒုက္ခသစ္စာချည့်ပါလားလို့ သိသွားတယ်. . . (မှန်ပါ့) မသိဘူးလား. . . (သိပါတယ်ဘုရား) ဒါဖြင့် ဖောက်ပြန်ပျက်နေတဲ့နေရာတိုင်း ဉာဏ်လှည့်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

**ဟာဒယဝတ္ထုပေါ် ဉာဏ်စိုက်ပါ**

အလုပ်စဉ်ပေးပါတယ် ဒကာ ဒကာမတို့၊ အဲဒီကဲ့သို့ ခန္ဓာကိုယ်ကြီးလှည့်ပြီး ဉာဏ်ကလိုက်နေပါ၊ အာနာပါနမလိုက်ပါနဲ့တော့၊ အာနာပါနမှုတည်ခဲ့ပြီ. . . (မှန်ပါ့) အဲ. . . ဖောက်ပြန်ပျက်စီးတာတွေက သမာဓိပညာက ကျဲသွားပြန်တော့မှ . . . အင်း၊ ထွက်အောင်အားထုတ်တဲ့စိတ်ကလေးပြန်လိုက်ပါ၊ ဝမ်းထဲက ဟာဒယဝတ္ထုပေါ် ဉာဏ်စိုက်ပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

ဝင်အောင်အားထုတ်တဲ့စိတ်ကလေးကော. . . (ပြန်လိုက်ရပါ့မယ်) ပြန်လိုက်တော့ သူတို့လဲ ဖောက်ပြန်ပျက်စီးတာ ဒကာ ဒကာမတွေ မတွေ့ရဘူးလား (တွေ့ရပါတယ်ဘုရား) အဲဒီတော့ ဘေးမှာမပေါ်ရင် အတွင်းလိုက်. . . (မှန်ပါ့) ဘေးမှာပေါ်ရင် (ဘေးမှာလိုက်ရပါ့မယ်) အဲဒီတော့ ဘေးလည်းရ အတွင်းလည်းရတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံး ဘာသစ္စာတွေချည့်လို့ ဆုံးဖြတ်ချက်ချမတုံး. . . (ဒုက္ခသစ္စာတွေချည့်ပါဘုရား) ဒုက္ခသစ္စာတွေချည့် ကျကျနနမြင်တော့ ဓမ္မနုပဿနာသတိပဋ္ဌာန်ဖြစ်တယ် (မှန်ပါ့ဘုရား)။

## ပင့်ကူကြီးဥပမာ–စောင့်ပြီးဖမ်းပါ

ဒကာကြွယ် ဘာဖြစ်သွားပါလိမ့်. . . (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်) ဒုက္ခမမွချည့်လို့ မဖြစ်လာဘူးလား. . . (ဖြစ်လာပါတယ်) အဲဒုက္ခမွေချည့်လို့ သိသွားတဲ့အခါကျတော့ ဆက်ဆက်ကြည့်၊ ဆက်ကြည့်လို့ ဘုန်းကြီးကပြောပါတယ် (မှန်ပါ့) ဆက်ပြီးဒီအတိုင်းသာကြည့်ပါ၊ ပေါ်ရာကိုလိုက်ပါ၊ ပေါ်ရာကိုလိုက်ပါ၊ ပေါ်တာမရှိရင် ဟဒယဝတ္ထုပေါ်က ထွက်စိတ်ဝင်စိတ်ကိုလိုက်ပါ၊ ပင့်ကူကြီးဥပမာလိုစောင့်ပြီး တစ်ခါတည်းဖမ်းပါ၊ မိမှာပါတဲ့. . . (မှန်ပါ့) ဖြစ်ပျက်တွေမမိဘူးလား. . . (မိပါတယ် ဘုရား)။

## ဉာဏ်တစ်ဆင့်တက်လာတယ်

အဲဒီကဲ့သို့ မိဖန်များလာတဲ့အခါကျတော့ ဩော်. . . ဒီဒုက္ခကြီးနဲ့ချည့်နေရတာဖြင့် ရွံစရာပါကလားဆိုတဲ့ ဉာဏ်ဟာ မြင်ပါများရင် မတက်ပေဘူးလား. . . (တက်ပါတယ်) အဲဒီကျတော့ဉာဏ်တစ်ဆင့် တက်ပဟာလို့ သေသေချာချာမှတ်ပါတော့ ဒါဟာ ဉာဏ်ဒုတိယအဆင့်တက်တာ. . . (မှန်ပါ့ဘုရား)။

မုန်းပေမယ့် ဒကာ ဒကာမတွေပေါ်ရာကို လိုက်နေပါ၊ ပေါ်ရာကိုလိုက်နေတော့ ခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတွေချည့်ပြမယ်ထင်သတုံး (ဒုက္ခသစ္စာတွေချည့်ပြမှာပါဘုရား) ဒုက္ခသစ္စာ

တွေချည့်ပြလိမ့်မယ်ဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ့ဘုရား)။

## မလိုချင်တဲ့ဉာဏ်တတ်လာတယ်

အဲဒီဒုက္ခသစ္စာတွေချည့်ပြတော့ ကြာကြာရှုလို့ ဉာဏ်ရင့်သည်ထက်ရင့်လာတော့ ဒီဒုက္ခသစ္စာကိုဖြင့် မလိုချင်၊ မရချင်တော့ပါဘူးဆိုတဲ့ဉာဏ်လည်း မတက်လာပေဘူးလား (တက်လာပါတယ်) အဲဒီတတ်လာတဲ့အချိန်ကျတော့ ဒီမှာ ကြည့်ကြပါ ဒါက ဒကာ ဒကာမတွေ၏ ရှုတဲ့မဂ္ဂင်ငါးပါး-(မှန်ပါ့) ဒီဘက်က ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးကို မလိုချင်တော့ပါဘူး ဆိုတာ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

လာတဲ့အခါကျတော့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးဟာ ဒကာကြွယ်ပျောက်သွားတယ်. . . (မှန်ပါ့) ပျောက်သွားတော့ ဒုက္ခပျောက်တာသည် ဒကာကြွယ်နိရောဓ ရောက်တာပဲ (မှန်ပါ့) ဒုက္ခအဆုံးမှာ နိရောဓ နိဗ္ဗာန်ရှိပါတယ်. . . (မှန်ပါ့) ဒါဖြင့် ဒုက္ခနိရောဓောနိဗ္ဗာနံ. . . (မှန်ပါ့ဘုရား)။

## ဒုက္ခဆုံးတော့ နိဗ္ဗာန်ပေါ်တယ်

ဘယ်လိုမှတ်ကြမယ်. . . (ဒုက္ခနိရောဓော နိဗ္ဗာနံပါ) ဒုက္ခဆုံးတော့ ဘာတွေ့ပါလိမ့်. . . (နိဗ္ဗာန်တွေ့ ပါတယ်ဘုရား)

နိဗ္ဗာန်တွေ့တော့ဩော်. . . ဒါဖြင့် ဒုက္ခဆုံးတော့ နိဗ္ဗာန်ကိုတွေ့တဲ့ဉာဏ်က မဂ်ဉာဏ်စစ် (မှန်ပါ့) ဒီလိုမနေဘူးလား. . . (နေပါတယ်) ဒီလိုရှုရင်းမတ္တနဲ့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ ထင်နေတဲ့ဒိဋ္ဌိနဲ့တွေးတော ယုံမှားတဲ့၊ ဝိစိကိစ္ဆာက နောက်ပိုင်းက အလိုလို မလာဘဲနဲ့ မသေဘူးလား (သေပါတယ်) သေတာက သမုဒယချုပ်တာ. . . (မှန်ပါ့ဘုရား)။

အဲဒီ ဒိဋ္ဌိဝိစိကိစ္ဆာချုပ်တော့ ငရဲမီးငြိမ်း၍ အပါယ်လေးပါးတံခါးပိတ်တယ်၊ ကိုယ့်အတွက် ငရဲအိုး သိမ်းတယ် . . . (မှန်ပ့ါ) အဲဒီလိုသိမ်းပြီးတဲ့အခါကျတော့ ဒါကို ရှေ့ထားလိုက်တော့ ဩော် . . . ဒုက္ခသိမ်းပြီးပြီကိစ္စ မရှိဘူးဆိုတော့မှ ဒါကို ကမ္မဋ္ဌာန်းကို ချချင် ချထားပြီး သားရေး၊ သမီးရေး၊ စိတ်ဖြောင့်အောင်လုပ်ပေတော့ ကိစ္စမရှိဘူး၊ အပါယ်လွတ်ပြီးလို့ လုပ်တာကိုး. . . (မှန်ပ့ါ) ရှေ့ထားလိုက်တဲ့အတွက် အချိုးမကျသွားဘူးလား (ကျပါတယ်ဘုရား)။

## နိဗ္ဗာန်ကူးရုံရှိတော့တယ်

သေချင်သေလိုက်စမ်းပါ အလွန်ခုနစ်ဘဝသေတော့ မပေါ့ (မှန်ပ့ါ) ခုနစ်ဘဝအတွင်းမှာ သုဂတိသာ ကျင်လည်ပြီး နိဗ္ဗာန်ကူးရုံရှိတော့တယ် . . . (မှန်ပ့ါဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးကို မလိုက်ချင်တဲ့စိတ်လာပြန်လို့ ဆက်အားထုတ်တော့ ဒီဘဝတွင်ပဲ ကိစ္စပြီးသွားနိုင်တယ် . . . (မှန်ပါ့) မပြီးသေးဘူးလား . . . (ပြီးပါတယ်ဘုရား)။

## အပါယ်လွတ်တဲ့အရေးရှေ့ထားပါ

အဲဒီတော့ အပါယ်လွတ်တဲ့အရေးကို ရှေ့ထားလိုက်တာက အမြတ်ထွက်တယ် . . . (မှန်ပါ့) အခုတော့ ဒကာဒကာမတွေ ရှေ့နောက်ကလေးခွဲဖို့ဖြင့် ဆရာရှေ့မှာပဲ တာဝန်ယူပြီးသကာလ ခွဲပါတော့မယ်ဘုရားဆိုတာ ဒကာဒကာမတွေ ဆုံးဖြတ်ကြပါ . . . (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ကြမလဲ . . . (ရှေ့နောက်ခွဲပါတော့မယ်) လုပ်မစားနဲ့လို့ပြောတာမဟုတ်ဘူးနော် . . (မှန်ပါ့) ရှေ့နောက်ခွဲပါလို့သာပြောတာ . . . (မှန်ပါ့) ခွဲတဲ့အတွက်က နစ်နာစရာများရှိကြရဲ့လား . . . (မရှိပါဘုရား)။

ဒကာကြွယ် ဒါကလေးဟာ အခု ဒကာ ဒကာမတွေ ဝိုင်းပြီး လျှောက်ကြတာ အိမ်ကျတော့ ထူးခြားတော့မယ်၊ မသွားမဖြစ်တဲ့ကိစ္စဆိုတော့ဟာ . . . ရှေ့ရှောက် ခွဲမရတဲ့ဆိုတော့ လုပ်ငန်းခွင်ကလေးမှာထိုင်ပြီး ထွက်သွားတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပ်ပြီဘုရား)။

ပြန်တော့မယ်ဆိုလို့ရှိရင်လည်း မင်းကို တဏှာခိုင်းပြန်မှာ မဟုတ်လား၊ ရှေ့နောက်ခွဲရဦးမတဲ့ ဆရာဘုန်းကြီးက မပြန်ခင် ကလေး ကိုယ်တိုင်ထိုင်လိုက်ဦးမယ် . . . (မှန်ပါ့) ဖြစ်ပျက် လုပ်ငန်းလုပ်ပြီးတော့မှ ပြန်ခဲ့တာပေါ့ဗျာ . . . (မှန်ပါ့) အဲဒီတော့ ဒီကစပြီး ရှေ့နောက်ခွဲ . . . (မှန်ပါ့ဘုရား)။

## ညဏ်ကလေးနဲ့နှလုံးသွင်းလိုက်ပါဦး

အိမ်ပြန်ရောက်လာတဲ့အခါကျတော့ ထမင်းဟင်း ပြင်ထားငြားသော်လည်း မအားသေးပါဘူးလေ၊ ဒါဟာ တဏှာ အားပေးမှာပဲ၊ ညဏ်ကလေးနဲ့ နှလုံးသွင်းလိုက်ပါဦးမယ် စားချင်တဲ့ စိတ်ကလေးဟာ ဖြစ်ပြီးပျက်တာ ဆိုတာကို နှလုံးသွင်းပြီးတော့မှ စားပါမယ်ဆိုလို့ရှိရင်လည်း ရှေ့နောက် ခွဲလိုက်တာပဲ . . . (မှန်ပါ့ ဘုရား) ၊

ရှေ့နောက်ခွဲတတ်ကြပလား (ခွဲတတ်ပါပြီဘုရား) တစ်ခါ အိပ်မယ်လို့ကြံပြန်တော့လဲ အိပ်တာသည် ခန္ဓာကြီးပွားရေးပဲ၊ ခန္ဓာကြီးပွားလေ၊ ဒုက္ခရောက်လေပဲ စသည်ဖြင့် ရှေ့နောက်ခွဲပြီးမှ မအိပ်ခင်ပဲ ကိုယ်ကြိုက်တဲ့ ဝိပဿနာရှုလိုက်ဦးမယ်၊ ဖြစ်ပျက် ဒုက္ခသစ္စာရှုလိုက်ဦးမယ်ဆိုရင်လဲ ရှေ့နောက်ခွဲပြီးသားဖြစ်တယ် . . . (မှန်ပါ့ ဘုရား)။

ကြာတော့ နေရာတိုင်းမှာ ရှေ့နောက် ခွဲတတ်သွားတော့ ဉာဏ်ရင့်ကျက်လာပြီဆိုရင် ဒီဒုက္ခကြီးဟာ ချုပ်မသွားဘူးလား . . . (ချုပ်သွားပါတယ်) ထိုကဲ့သို့ ဒုက္ခချုပ်သွားတဲ့အချိန်ကျတော့ ရှေ့နောက်တောင် မခွဲပါနဲ့တော့ ဒုက္ခချုပ်ပြီးလို့ရှိရင် ခင်ဗျားတို့ နေချင်သလို နေနိုင်ပါတယ်၊ ရှာချင်သလိုရှာပါတော့ . . . (မှန်ပါ) ဘယ့်နှယ်ကြောင့် ဒီဥစ္စကို ဟောရပါလိမ့် မတုံးဆိုတော့ ရှေ့ရှောက်မခွဲရင် ကိုယ်ကျိုးနည်းမှာစိုးလို့ . . . (မှန်ပါဘုရား)

## ဘုန်းကြီးစကားနားထောင်သင့်တယ်

ဒါကလေးတော့ ဘုန်းကြီးစကား၊ ဘုရားတရားတော် အတိုင်း ဟောတာကို ဒကာကြွယ် နားထောင် ဖို့သင့်မသင့် . . . (သင့်ပါတယ်ဘုရား) လူထဲမို့ နားထောင်တာလား၊ ကိုယ့်အရေးမို့ နားထောင်တာလား . . . (ကိုယ့်အရေးမို့ နားထောင်တာပါ ဘုရား) အဲ . . . ကိုယ်အရေးမို့ နားထောင်တယ်ဆိုတာကလေး ဆုံးဖြတ်ချက် ချလိုက်စမ်းပါ . . . (မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမယ် . . . (ကိုယ့်အရေးမို့ နားထောင်တာပါဘုရား) ပေါ်ကြပလား . . (ပေါ်ပါပြီဘုရား)။

## ကိုယ့်အရေးမို့လုပ်ဖြစ်အောင်လုပ်ပါ

အဲဒါကြောင့် ကိုယ့်အရေးမို့ လုပ်ဖြစ်အောင် လုပ်ပါ

ဆိုတာကို ယခုနေ့ ခင်ဗျားတို့ကလဲ သတိထားကြပါ၊ ဘုန်းကြီးများကလည်း ဝမ်းသာတယ် . . . (မှန်ပါ့) ခင်ဗျားတို့ ကိုယ့်အတွက်လည်း ခင်ဗျားတို့ဝမ်းသာမှာပဲ၊ ကိုယ့်အရေးကိုယ်သိတာအခုမှပေါ့ . . . (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (ကိုယ့်အရေးမို့ ကိုယ်သိတာအခုမှပါဘုရား) နဂိုရ်က ရှေ့နောက်မှ မခွဲတတ်ပဲ . . . (မှန်ပါ့) ကံမွဲဉာဏ်မွဲကျမှ တရားအားထုတ်တယ်၊ ကံကောင်း. . . ဉာဏ်ကောင်း. . . တဏှာခိုင်းတာနဲ့ ကုန်ခဲ့တယ်၊ ဘယ်မှာ ကြီးပွားရေးဖြစ်နိုင်ပါ့မလဲ . . . (မဖြစ်နိုင်ပါဘုရား) သဘောပေါက်ကြပလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ရှေ့နောက်ခွဲတဲ့အရေးဟာ အင်မတန်ကြီးတဲ့အရေးဆိုတာတော . . . (ပေါ်ပါပြီဘုရား) ရှေ့နောက်မခွဲရင် အသေကဦးသွားလို့ရှိရင် ရှေ့နောက်ဖြစ်ပါဦးမလား . . . (မဖြစ်ပါဘုရား) သူမလာခင် ဘာလုပ်ရမှာပါလိမ့် . . . (ရှေ့နောက်ခွဲရမှာပါဘုရား)။ အဲ. . . အသေမလာခင် ရှေ့နောက်ခွဲရမယ်. . . (မှန်ပါ့ဘုရား)။

## သုသာန်မရောက်ခင်လုပ်ရတာ

ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက ထိုင်နေရင်းကော သုသာန်သွားတဲ့အလုပ်က ရပ်ကဲ့လား (မရပ်ပါဘုရား) သုသာန်သွားတဲ့

အလုပ်ဟာ တန့်နေသလား (မတန့်ပါဘုရား) ဘာမှမတန့်ဘူး . . . (မှန်ပါ့) အဲဒီတော့ နိဗ္ဗာန်သွားတဲ့အလုပ်ကို သုသာန် မရောက်ခင်ကလေးလုပ်ရမှာ . . (မှန်ပါ့) သုသာန်ရောက်ပြီးမှ ဆိုလို့ရှိရင် လုပ်နိုင်သေးရဲ့လား . . . (မလုပ်နိုင်ပါဘုရား) မလုပ်နိုင်တော့ ဒီအလုပ်ကလည်း မပါသွားတော့ သုသာန်မှာ လူကောင် မြှုပ်ခဲ့ရမှာ နောက်ထပ်ဖြစ်ပေါ်မည့် ရုပ်နာမ်က အပါယ်လေးပါး ရောက်လိမ့်မယ်. . . (မှန်ပါ့) မနစ်နာဘူးလား . . (နစ်နာပါ တယ်ဘုရား)။

ဒါကြောင့် အင်မတန်စိုးရိမ်ကြောင့်ကြလို့ ပြောတဲ့စကား ဆိုတာကော ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ဘုရားအဆူဆူနဲ့ လွဲခဲ့တာဟာ ဘာ့ကြောင့်ပါလိမ့်မတုံးဆိုတော့ ရှေ့နောက်ကိုနားမလည်လို့ လွဲခဲ့ကြရတယ် ဖြစ်ခဲ့ကြရတယ်ဆိုသဖြင့် ပြောစရာလိုသေး သလား . . (မလိုပါဘုရား)။

## ဝိပဿနာရှေ့ထားမှ ကျေးဇူးများတယ်

ဒါဖြင့် ဒကာကြွယ် ဒီနေ့ကစပြီး စားတာနဲ့ ဝိပဿနာ အလုပ်နဲ့ ဘယ်သူရှေ့ထားမလဲ (ဝိပဿနာ ရှေ့ထားရပါမယ်) အိပ်တာနဲ့ ဝိပဿနာအလုပ်နဲ့ကော (ဝိပဿနာအလုပ်ကို ရှေ့ထားရပါမယ်) ဝိပဿနာ အလုပ်ချည့် ရှေ့ထားလို့ရှိရင်ဖြင့်

ဒကာ ဒကာမတွေ အလွန်ကျေးဇူးများပါတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)

ကောင်းပြီ၊ ဒါဖြင့် ယနေ့ကစပြီး ကိုယ်အရေး ကိုယ်သိတဲ့အဓိပ္ပါယ်ဖြင့် ပေါ်လာပါပြီ . . . (ပေါ်လာပါပြီဘုရား) မပေါ်လာသေးဘူးလား. . . (ပေါ်လာပါပြီဘုရား)။

ကိုင်း-ဒါဖြင့် သိကြားမင်း အကြောင်းကို ဆက်ကြဦးစို့နော် . . . (မှန်ပါ့) ဒကာ ဒကာမတို့ သုံးရက်ရှိပါပြီ၊ သိကြားမင်းကြီးအကြောင်းကို ပြောနေတာ၊ ရှေ့ပိုင်းမှာ တိုတိုပဲပြောလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## သိကြားမင်းကဘုရားကိုမေးတယ်

သိကြားမင်းကြီးဟာ ဘုရားမပွင့်ခင်က သိကြားမင်းဖြစ်နေတာ၊ ဘုရားပွင့်လာတော့ သူ့သံသယကလေး လျှောက်ချင်လို့ လာတာပေါ့ဗျာ. . . (မှန်ပါ့) လာပြီးတော့ လူတွေဟာ ကိုယ့်ကိုယ်လည်း မေတ္တာပို့ပါတယ်၊ ချမ်းသာရေးတွေကို လိုက်စားကြပါလျက်သားနဲ့ အန္တရာယ်မရှင်း ဘေးမကင်း ဖြစ်နေတာ ဘာ့ကြောင့်တုံးတဲ့ မမေးဘူးလား . . . (မေးပါတယ်ဘုရား)။

ကဲ-ဒကာ ဒကာမတွေ ဖြေကြစမ်းပါ ဘာ့ကြောင့်တုံး (က္ကဿာမစ္ဆရိယကြောင့်ပါဘုရား) ပေါ်ပြီနော်. . . (မှန်ပါဘုရား)။

## လူတွေမှာ ဘေးမကင်းတာဘာကြောင့်တုံး

လူတွေမှာ အန္တရာယ်မကင်း ဘေးမရှင်းဖြစ်နေတာ ဘာ့ကြောင်းတုံး (ကြ္ကသာမစ္ဆရိယကြောင့်ပါဘုရား) မေတ္တာ မပို့ကြဘူးလား. . . (ပို့ပါတယ်) ကျန်းမာရေး မလိုက်စားကြလို့ လား. . . (လိုက်စားကြပါတယ်) ဆေးတွေ ဝါးတွေ မသောက်ကြ လို့လား. . . (သောက်ကြပါတယ်ဘုရား) ဘယ့်အတွက်ကြောင့် အန္တရာယ်မကင်း ဘေးမရှင်း ဖြစ်ရသတုံး . . . (ကြ္ကသာမစ္ဆရိယ ကြောင့်ပါ) ကြ္ကသာမစ္ဆရိယ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မချမ်းသာဘူး၊ ဘယ်တော့မှမကျန်းမာဘူး . . . (မှန်ပါ့ဘုရား)။

ဒါတွေကို အကျယ်တော့ ဟောခဲ့ပြီးပြီနော် . . . (မှန်ပါ့) ဒကာကြွယ်နဂိုတုန်းက ကျုပ်တို့က ငါ့မှာစနေဂြိုလ်များ စီးလို့ လား. . . ရာဟုဂြိုလ်များက ဗျတ္တိဇာ ကျင့်နေလို့လား စသည်နဲ့ တွေးလို့. . . (မှန်ပါ့) ဘာမှမဟုတ်ပါဘူး ကိုယ့် ကြ္ကသာမစ္ဆရိယ ကြောင့် ကိုယ့်မှာအန္တရာယ်မကင်း ဘေးမရှင်း ဖြစ်ရတာ. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

## အမှိုက်ရှိလို့ခွေးချေးရှိတာ

ဒါဖြင့်အမှိုက်ရှိလို့ ခွေးချေးရှိတာ (မှန်ပါ့) ကြ္ကသာ မစ္ဆရိယတည်းဟူသော အမှိုက်ရှိနေတာနဲ့၊ ဘေးက ရန်တွေ မာန်တွေဆိုတဲ့ခွေးချေးတွေရှိလာတယ်ဆိုတာ ရိပ်မိပလား

(ရိပ်မိပါပြီ) ဒကာကြွယ်ကအမှိုက်ရှိလို့ ဘာဖြစ်တာပါလိမ့် . . . (ခွေးချေးရှိလာတာပါ) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ကိုယ်ကသာမဂ္ဂင်ရှိတယ်ဆိုရင်ဖြင့် မယုံရင်စဉ်းစားကြည့်ပါ၊ မဂ္ဂင်ငါးပါးက တော်တော်ရှုပါများလာရင် ရှစ်ပါးဖြစ်မယ်. . . (မှန်ပါ့) ရှုတုန်းကတော့မဂ္ဂင်ဘယ်နှစ်ပါးတုန်း (ငါးပါးပါဘုရား) ရှုလည်းအဆုံးရောက်တော့ . . . (ရှစ်ပါးပါဘုရား) ဟောရတနာရှိမှတော့ နောက်ရတနာသုံးခုပြန်ပြီး စုလာတယ် . . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်ရတနာရှိရာတော့ (နောက်ရတနာသုံးပါးပြန်စုပါတယ်) အမှိုက်ရှိရာမှာတော့. . . (ခွေးချေးစုပါတယ်ဘုရား) အဲ-ခင်ဗျားတို့ မကျန်းမာမချမ်းသာတာတွေက ဘာကြောင့်ပါလိမ့် (အမှိုက်ရှိရာခွေး ချေးစုတာပါဘုရား) ဤသာ မစ္ဆရိယတရားဆိုတဲ့အမှိုက်က ဝမ်းထဲမှာရှိနေတော့ စိတ်မချမ်းသာ၊ လက်မချမ်းသာတဲ့ အန္တရာယ်တွေခွေးချေးက ဝမ်းထဲမှာ လာစုတာပဲ . . . (မှန်ပါ့) မစုပေဘူးလား. . . (စုပါတယ်ဘုရား)။

အဲဒါကြောင့် သိကြားမင်းလျှောက်ထားတာမှာ၊ သိကြားမင်းက လူတွေဟာ ဘုရားကိုယ့်ကိုယ်ကိုလည်း မေတ္တာပို့ပါတယ် ကျန်းမာချမ်းသာခြင်းလည်း အလိုရှိကြပါတယ်၊ ထိုကဲ့သို့ဖြစ်ငြားသော်လည်း အန္တရာယ်မကင်း၊ ဘေးမရှင်းဘဲအားလုံးပဲ ကြုံကြဆုံကြရပါတယ်၊ ဘာကြောင့်ပါတုန်းဘုရားလို့ ဘုရားကို မလျှောက်ထားဘူးလား. . . (လျှောက်ထားပါတယ်ဘုရား)။

## ဣဿာမစ္ဆရိယကြောင့်

ဘုရားကဘယ့်နှယ်ဖြေသတုံး. . . . (ဣဿာ မစ္ဆရိယ ကြောင့်ဟု ဖြေပါတယ်) ဣဿာမစ္ဆရိယ နှစ်ပါးရှိနေရင် ဘယ် အခါမှ အန္တရာယ်ကင်းလို့ ဘေးရှင်းမှာ မဟုတ်ပါဘူးတဲ့၊ မဖြေ လိုက်ဘူးလား. . . (ဖြေလိုက်ပါတယ်ဘုရား) ကိုင်း-ဒါဖြင့် ဣဿာလာလဲ ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်) မစ္ဆရိယလာရင်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

သူတို့လာမှ ရှုရမယ်လို့တောင်လွန်မှ လုပ်မနေနဲ့နော်. . . (မှန်ပါ့) ရှုနည်းဘယ်နှစ်မျိုးပြောပါလိမ့်. . . (နှစ်မျိုးပါ ဘုရား) မလာခင် ကကိုယ့်ဝိပဿနာကိုယ်ရှုနေရင် သူတို့လာခွင့်ရသေး ရဲ့လား. . . (မရပါဘုရား) အဲဒီရှုနည်းက တစ်မျိုး၊ အဲ့ဒါ အာသဝ ပယ်တာပဲ လာမှရှုနည်းက တစ်မျိုး၊ ဣဿာလာရင် ဣဿာကို ဖြစ်ပျက်ရှု၊ မစ္ဆရိယလာရင်ကော. . . (မစ္ဆရိယကိုဖြစ်ပျက် ရှုရပါမယ်) အဲဒါကလာမှ ကာကွယ်နည်းတစ်မျိုး (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဝိပဿနာအမြဲရှုနေပါ

ကိုင်း . . . . ဒါဖြင့် ဣဿာလာလဲဘာလုပ်ကြမယ် . . . (ဖြစ်ပျက်ရှုရပါမယ်) မစ္ဆရိယလာရင်. . (ဖြစ်ပျက်ရှုရပါမယ်) သူတို့လာမှ ရှုရမယ်လို့တောင်လုပ်မနေပါနဲ့နော်. . . (မှန်ပါ့)

ရှုနည်းဘယ်နှစ်မျိုး ပြောပါလိမ့်. . . (နှစ်မျိုးပါဘုရား) မလာခင်က ကိုယ့်ဝိပဿနာကိုယ်ရှုနေရင် သူတို့လာခွင့်ရသေးရဲ့လား . . . (မရပါဘုရား)။

## ဣဿာမစ္ဆရိယဖြစ်ပျက်ရှုပါ

အဲဒီရှုနည်းကတစ်မျိုး၊ လာမှ ရှုနည်းကတစ်မျိုး၊ ဣဿာလာရင် ဣဿာကိုဖြစ်ပျက်ရှု၊ မစ္ဆရိယလာရင်ကော (မစ္ဆရိယကိုဖြစ်ပျက်ရှုပါမယ်ဘုရား) ဒါက လာမှ ကာကွယ်နည်းတစ်မျိုး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီတော့မလာခင်က ကာကွယ်နည်းရှိမှသာလျှင် လာမှကာကွယ်တဲ့နည်းက မြန်မြန်ကြီး ကာကွယ်တတ်တယ် (မှန်ပါ့) နို့မဟုတ်ရင်တော့ ကာကွယ်တတ်ပါ့မလား. . . (မကာကွယ်တတ်ပါဘုရား)။

အေး. . . ဒါကြောင့်ဆရာကတော့ဖြင့် အန္တရာယ်မကင်းလို့ရှိရင် ဒါတွေကို ခွေးချေးတွေကိုသာ ကြုံးပစ်၊ အမှိုက်တွေသာကြုံးပစ်လို့ရှိရင် ဒီခွေးချေးဟာ လာပြီး ကျင်ပြီးစွန့်ပါဦးမလား. . . . (မစွန့်ပါဘုရား)။

## ရတနာရှိရာရတနာစုတယ်

ဒါကြောင့် ဣဿာမစ္ဆရိယ ဖြစ်ပျက်ရှုတဲ့နေရာ မဂ်သာ

ရောက်ပစေ၊ မဂ္ဂင်ငါးပါးရတနာ ရောက်လို့ရှိရင် မကြာခင် မဂ္ဂင်ရှစ်ပါးပြည့်တော့ သီလမဂ္ဂင်သုံးပါး ဝင်လာလိမ့်မယ်၊ (မှန်ပါ့) မဝင်လာပေဘူးလား. . . (ဝင်လာပါတယ်) အဲဒီမှာ ဒကာ ဒကာမတွေ အပါယ်လေးပါး တံခါးပိတ်မှာ တကယ်စင်စစ် ကေန်ဖြစ်လို့ ဒကာကြွယ်ရေ ရတနာရှိရာရတနာစုတယ် (မှန်ပါ့ ဘုရား)။

## ကိုယ့်ဝေဒနာကိုယ်ရှုနေပါ

ဒါဖြင့် ကြ္လာသာမစ္ဆရိယလာတိုင်း-လာတိုင်း ဘာလုပ် ရမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) မလာအောင်လည်း ခင်ဗျားတို့ ကိုယ့်ဝေဒနာကလေး ကိုယ်ရှုနေလည်း မရဘူးလား (ရပါတယ် ဘုရား) ကိုယ့်စိတ်တွေ ကိုယ်ရှုနေရင်ကော. . (ရပါတယ်) ရတာပါပဲ ကြိုးစားပြီးတော့သာ လုပ်ကြပါဆိုတာ သတိပေးလိုက် တယ် (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ရှေ့ဆက်ပြီးမေးပြန်တယ်၊ အရှင်ဘုရား တဲ့ ကြ္လာသာမစ္ဆရိယရှိလို့ အန္တရာယ်မရှင်း ဘေးမကင်းကြဘူး ဆိုတာတပည့်တော်သိရပါပြီ၊ ကြ္လာသာမစ္ဆရိယဟာ ဘယ်သူ့ ကြောင့်လာပါလိမ့်မလဲလို့ မေးပြန်တယ် . . . (မှန်ပါ့) မေးတော့ ဘုရားက ဘယ့်နှယ်ဖြေပါလိမ့်. . . (ချစ်ခြင်း၊ မုန်းခြင်းကြောင့် ပါဘုရား)။

## ချစ်ခြင်းမုန်းခြင်းကြောင့်လာတာ

ဟော . . . တရားနာသားရလာတော့ ဒကာကြွယ်ဖြေတတ်ပြီ. . . (မှန်ပါ့) ချစ်ခြင်း၊ မုန်းခြင်းကြောင့် ဘာလာသတုံး -(ဣဿာမစ္ဆရိယလာပါတယ်) အဲ-ခင်ဗျားတို့သန္တာန်မှာ ချစ်ခြင်း၊ မုန်းခြင်းသာ ရှိနေမယ်ဆိုရင်ဖြင့် ဣဿာမစ္ဆရိယ လာလိမ့်မယ် . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒကာကြွယ်တို့ ဒကာသစ်တို့ မျက်မြင်တာ မြဲမြဲမှတ်ထားပါနော်၊ ကျုပ်က မျက်လုံးမွဲပေမဲ့ လူမြင်ရင် ချစ်ချင်တတ်တယ်စသည်နဲ့ အံမာလေး လောကွတ်မလုပ်ရမှာများ လောကွတ်လုပ်နေကြတယ်. . . (မှန်ပါ့)။

ဖြစ်မှဖြစ်ရပလေ ခင်ဗျားတို့မြို့သုံးက သိပ်ဆိုးနေတာ . . . (မှန်ပါ့) ဘုရားကလဲ ချစ်ခြင်း-မုန်းခြင်းရှိရင် ဣဿာ မစ္ဆရိယ လာမယ်တဲ့၊ ခင်ဗျားတို့ကလဲ ကျုပ်က လူမြင်ရင် ခင်တတ်တယ်ဆိုတော့ မြို့သုံးကြီးဖြစ်နေတယ်. . . (မှန်ပါ့) အတော်ဆိုးနေတာ- (ဆိုးပါတယ်ဘုရား) မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။

အဲဒါ ဒကာကြွယ် နှုတ်တက်နေသေးသလား. . . (မှန်ပါ့ ဘုရား) မတက်ကြနဲ့တော့ ဒီကရှေ့ကို ဣဿာမစ္ဆရိယကို အရင်း တည်တာ ဣဿာမစ္ဆရိယအရင်းက ချစ်ခြင်း-မုန်းခြင်း (မှန်ပါ့) ချစ်ခြင်း-မုန်းခြင်းရှိလို့ ဣဿာမစ္ဆရိယတည်းဟူသော အပါယ်လေးပါး ဒယ်အိုးညွှန့်တွေ ထွက်လာလိမ့်မယ်၊ မထွက်

ပေဘူးလား. . . (ထွက်ပါတယ်ဘုရား) အဲဒါကြောင့် ချစ်ခြင်း-မုန်ခြင်းသည် ဣဿာမစ္ဆရိယဖြစ်ကြောင်း. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## လောဘ၊ ဒေါသဖြစ်ပျက်ရှုပါ

ဒါဖြင့်-ဣဿာမစ္ဆရိယ ဘယ်ကလာသတုံး. . . (ချစ်ခြင်းမုန်းခြင်းက လာပါတယ်) ချစ်ခြင်းသည်လောဘ၊ မုန်းခြင်းသည်ဒေါသ. . . (မှန်ပါ့) ဒါဖြင့် လောဘလာလည်း ဘာလုပ်ကြရမယ် . . . (ဖြစ်ပျက်ရှုရပါမယ်) ဒေါသလာလည်း. . . (ဖြစ်ပျက်ရှုရပါမယ်) အဲ-ချစ်ခြင်း-မုန်းခြင်းစွန့်လိုက်တော့ ဣဿာမစ္ဆရိယ မလွတ်ဘူးလား. . . (လွတ်ပါတယ်ဘုရား)။

## ဣဿာမစ္ဆရိယလွတ်သွားတယ်

ဣဿာမစ္ဆရိယလွတ်သွားတော့ ခုနင်က အန္တရာယ်ကင်းလို့ ဘေးရှင်းတာတွေကော မလာသေးဘူးလား. . . (လာပါတယ် ဘုရား) ဒါဖြင့် လောဘ၊ ဒေါသဟာရေသောက်မြစ်ပဲ (မှန်ပါ့) ပေါ်လာကြပလား. . . (ပေါ်လာပါပြီဘုရား) ကိုင်း. . ဒါက နှစ်ရက်တိုင်တိုင်ဟောပြီးလို့ ခပ်ကျဉ်းကျဉ်း ဝိပဿနာရှုပုံကို ပြောလိုက်ပါတယ် သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဟာ ဘုရားမပွင့်ခင်တုံးက ကောင်းကင်ပျံ မြေလျှိုး နေတဲ့ ဈာန်အဘိညာဉ်ရတဲ့ ဆရာကြီးတွေကို မေးကြည့်တယ် တစ်လုံးမှ မဖြေနိုင်ဘူး၊ သာသနာတွင်း ဘုရားပွင့်လာလို့ ဖြေနိုင်တာ. . . (မှန်ပါ့) သာသနာတွင်းမို့ ဝိပဿနာဉာဏ် တွေထွက်လာတာ. . . (မှန်ပါ့) ရိပ်မိကြပလား. . (ရိပ်မိပါပြီ ဘုရား)။

## အလုပ်မလုပ်မိလို့ သာသနာကွယ်တယ်

ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ သာသနာပသား တွေလည်း မဟုတ်ပါဘူး၊ သာသနာတွင်းသားတွေဖြစ်နေတော့ ဒီသာသနာတွင်းကလည်း ဘုန်းကြီးက ရှင်းရှင်းလင်းလင်း ကလေးပြောပရစေတော့၊ ယနေ့နားထောင် သာသနာတွင်း သားဖြစ်နေတာနော်၊ နက်ဖြန်နားမထောင်ရင် သာသနာပသား ဖြစ်နေလိမ့်မယ်၊ နားမထောင်ရင် သာသနာပသားတွေနဲ့ မတူလှတော့ပါဘူး. . . (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ နေကြီးထွက်နေပေမဲ့ ကိုယ်ကနေအရသာကို ခံစားရတဲ့ပုဂ္ဂိုလ်က ရှားတယ်နော်. . . (မှန်ပါ့) လ,ကြီးထွက် နေပေမဲ့ လ, အရသာကို ခံစားရတဲ့ ပုဂ္ဂိုလ်ကရှားတယ်. . . (မှန်ပါ့) သာသနာနဲ့ ကြုံပေမဲ့ ကိုယ့်ဝမ်းထဲမှာ သာသနာတော်ရဲ့ အဆုံးအမညွှန်ကြားချက်ကို ခံယူမှသာ သာသနာတွင်း

သား. . . (မှန်ပါ့) အဆုံးအမ မခံယူလို့ရှိရင်. . . (သာသနာပ သားဖြစ်နေပါတယ်ဘုရား) သာသနာပသားဖြစ်နေရင် မနာဘူး လားဗျ. . . (နာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် သာသနာတွင်းသားလား၊ သာသနာပသားလားဆိုတာ ကိုယ် တိုင်စစ်ဆေးပြီးတော့ အလုပ်လုပ်နေရင် သာသနာတွင်းသား . . . (မှန်ပါ့) လောကီ အလုပ်တွေကျက်စားနေရင်. . . (သာသနာပသားပါဘုရား)။

ဒီပြင်ဟာတွေနဲ့သာ အချိန်ကုန်နေရင်တော့ ဩော်. . . ငါသည် သာသနာတွင်းလူဖြစ်ငြားသော်လည်း သာသနာပသား ဖြစ်နေပါပေါ့လားလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့) ဒါက မသေခင် သာသနာပသားဖြစ်နေပုံ. . . (မှန်ပါ့)။

## အသေစောလို့ သာသနာကွယ်တယ်

တချို့ကျတော့ အသေစောသွားတာနဲ့ သာသနာ၏ အနှစ်အရသာဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တရား သစ္စာတရား သတိပဋ္ဌာန်တရားစတဲ့ ဝိပဿနာတရားတွေကို နာကြားကြ သေးရဲ့လား. . . (မနာကြားရပါဘုရား) သာသနာတွင်းမှာတော့ လူဖြစ်ပါရဲ့၊ သူ့ကိုယ်တွင်းသာသနာရောက်ကဲ့လား. . . (မရောက်ပါဘုရား) အဲ. . . သေလို့ရှိရင် သာသနာကွယ်

တာပဲ. . . (မှန်ပါ့) မလုပ်လို့ရှိရင်. . . (သာသနာကွယ်ပါတယ် ဘုရား)။

ဒါဖြင့် သာသနာကွယ်တယ်ဆိုတာ ဘယ်နှစ်မျိုးခွဲရမှာပါ လိမ့်. . . (နှစ်မျိုးခွဲရမှာပါဘုရား) မိမိအသေစောသွားလို့ကော (သာသနာကွယ်ပါတယ်) မိမိက မလုပ်မိလို့ရှိရင်လည်း (သာသနာ ကွယ်ပါတယ်ဘုရား)။

ဩော်. . . ခင်ဗျားတို့ သာသနာကွယ်မကွယ်ဆိုတာ ယနေ့ ကောင်းကောင်းသိရတဲ့အတွက် ဘုန်းကြီးက သိပ်ဝမ်း သာပါတယ် . . . (မှန်ပါ့) နို့မဟုတ်လို့ရှိရင် ဒို့မည့်ဘူးကွ၊ ဘုရားသာသနာ ငါးထောင်အတွင်း လူဖြစ်လာတာဆိုပြီး ပါးစပ်က ကျေနပ်ရုံကျေနပ်နေပြီး လုပ်နေတာတော့ သာသနာ နဲ့စပ်တာ မပါဘူးဆိုရင် ဒါဘယ့်နှယ်ဆိုမတုံး သာသနာတွင်း ဖြစ်ပါဦးမလား. . . (မဖြစ်နိုင်ပါဘုရား)။

ဒကာကြွယ်တို့ကတော့ နဂိုက ကြွားလုံးတွေနဲ့ပေါ့ဗျာ၊ ဒကာသစ်တို့ကလည်း ကြွားခဲ့ကြမှာပဲ၊ ကျုပ်တို့သာသနာတွင်း လူဖြစ်ရလို့ တော်သေးတယ်ဗျတဲ့၊ အဖြေကတော့ ဟုတ်ပါရဲ့၊ ဝမ်းထဲမှာတော့ သာသနာက တစ်ပဲသားမှမရှိဘူးဖြစ်နေတယ် (မှန်ပါ့) ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အင်မတန်နစ်နာမှာစိုးလို့ ဆရာရင်းတွေမို့ မှုတည်ပြော တာလို့ ဘေးကနားထောင်တဲ့ပုဂ္ဂိုလ်တွေကလည်း ဒို့လဲအတူတူ

ပြောနေတာပဲလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

## ချစ်ခြင်းမုန်းခြင်း ဘယ်ကလာပါသလဲ

ကိုင်း. . . ဒါနဲ့ ရှေ့ကိုဆက်မေးတယ်၊ သိကြားမင်းက အရှင်ဘုရား ချစ်ခြင်းမုန်းချင်းကတော့ ဘယ်ကလာပါသလဲ ဘုရား . . . (မှန်ပါ့) ချစ်ခြင်းမုန်းခြင်းကတော့ ဘယ်ကလာ ပါသတုံးတဲ့၊ ဒါကလေးရှင်းပေးပါဦး. . . (မှန်ပါ့) ဘုရားက ချစ်ခြင်း၊ မုန်းခြင်းဆိုတာ ဆန္ဒကလာတာတဲ့. . . (မှန်ပါ့) ချစ်ခြင်း မုန်းခြင်းဘယ်ကလာသတုံး (ဆန္ဒကလာပါတယ်ဘုရား) ဒါက ဒီနေ့တိုးပြီးပြောတဲ့တရားတစ်လုံး. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ပေါင်းလိုတာ ဒီခင်ပွန်းမနဲ့ ပေါင်းရလို့ရှိရင် တော်မှာပဲ. . . (မှန်ပါ့) မပေါင်းသေးဘူး အချီအချနဲ့ မှန်းခြေထား တုန်းရှိသေးတယ်. . . (မှန်ပါ့) ဒီလူကို အိမ်မှာအတွင်းလူ လုပ်ထားလိုက်ရလို့ရှိရင်ဖြင့် တော်မှာဆိုတော့ ရှေးဦးစွာဆန္ဒ ပေါ်ပြီးမှ ခင်တဲ့ လောဘက နောက်ကလိုက်တာလား . . . (မှန်ပါ့ဘုရား)။

## ဆန္ဒကလာတာ

ဒါဖြင့် ဆန္ဒနဲ့လောဘဟာ ဘယ်သူ့ရှေ့ဘယ်သူနောက် လိုက်ပါလိမ့်. . . (ဆန္ဒကရှေ့သွား လောဘကနောက်လိုက်

ပါဘုရား) ချစ်ခြင်းမုန်းခြင်း ဘယ်ကလာသတုံး. . . (ဆန္ဒက လာပါတယ်) ဒီဆန္ဒသည် မုန်းလိုတဲ့ ဆန္ဒလည်းရှိတယ်၊ ခင်လို တဲ့ဆန္ဒကော . . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေသူနဲ့ပေါင်းသင်းတော့မှာ ဆိုတာ ပေါင်းသလား မပေါင်းသေးဘူးလား. . . (မပေါင်းသေး ပါဘုရား) အဲ. . . . မပေါင်းသေးခင်အရင်ဖြစ်နှင့်တာ ဆန္ဒ ပေါင်းတော့ လောဘ. . . (မှန်ပါ့) ဒကာ ဒကာမတို့ ဒီဆန္ဒလာ တိုင်း ဒီဆန္ဒကို ဖြစ်ပျက်ရှု သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဘယ်သူ့ကိုဖြင့် အတွင်းလူထားလို့ဖြင့် မတော်ဘူး၊ ပေါင်း လို့မတော်ဘူး၊ အတွင်းသားထားလို့ မတော်ဘူးဆိုတာ မုန်းမှ ငတော် မယ်ပြောတာ. . . (မှန်ပါ့) ဘယ်သူ့စာရေးစာချီထားလို့ မတော်ဘူး သူကတော်တော်ကြာကျလို့ရှိရင် မိတ်ဆွေတွေ ဖျက်သွားလိမ့်မယ် ဆိုတော့ ဒါဟာသူ့ကို မုန်းလိုတဲ့ဆန္ဒစပြီ မလာဘူးလား. . . (လာပါတယ်) ဖြစ်ပျက်မရှုလို့ရှိရင်

ဆန္ဒပစ္စယာတဏှာဆန္ဒပစ္စယာဒေါသော စသည်ဖြင့် ချစ်ခြင်း မုန်းခြင်း မလာသေးဘူးလား. . . (လာပါတယ်ဘုရား)။

## ဆန္ဒလာတိုင်းဖြစ်ပျက်ရှု

အဲဒါ စိုးရိမ်တဲ့အတွက် ဒကာ ဒကာမတို့ ချစ်ခြင်း

မုန်းခြင်း မလာအောင် ဘာကိုဝိပဿနာရှုမယ်. . . (ဆန္ဒကို ဖြစ်ပျက်ရှုရပါ့မယ်) သူနဲ့ပေါင်းမှတော်မယ်၊ သူနဲ့ခွဲမှ တော်မယ် ဆိုတာ ဒါတွေဘာပါလိမ့်. . . (ဆန္ဒပါဘုရား) အဲဒီ ဆန္ဒလာတိုင်း လာတိုင်း ဖြစ်ပျက်ရှုလိုက်လို့ရှိရင် ဒီဆန္ဒတစ်လုံး ရှုလိုက်တာနဲ့ ဒကာသစ်တို့ ဦးလှဘူးတို့ လောဘ ဒေါသ သေတယ် . . . (မှန်ပါ့) မသေးဘူးလား (သေပါတယ်ဘုရား) ဒါတွေ အကုသိုလ် မူလရေသောက်မြစ်တွေ မသေဘူးလား . . . (သေပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်

ဒါဖြင့် တဏှာဒေါသမချုပ်ဘူးလား. . . (မှန်ပါ့) တဏှာ ချုပ်တာက ပဋိစ္စသမုပ္ပါဒ်အလယ်ကပြတ်တာ၊ ဒေါသချုပ်တာက ပဋိစ္စသမုပ္ပါဒ် အဆုံးကချုပ်တာ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဆက်မှု ရှိသေးရဲ့လား. . . (မရှိပါဘုရား) ပဋိစ္စသမုပ္ပါဒ်ဆုံးသွားရင် နိဗ္ဗာန်လို့. . . မခေါ်နိုင်ဘူးလား. . . (ခေါ်နိုင်ပါတယ်ဘုရား) သဘောပါပလား. . . (ပါပါပြီ ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဆုံးချင်လို့ရှိရင် ဒကာ ဒကာမတို့ဖြစ် ပေါ်လာတဲ့ ဆန္ဒကိုအရင်ရှုပါ. . . (မှန်ပါ့) သဘောပါကြပလား . . . (ပါပါပြီဘုရား)။

သူနဲ့ပေါင်းမှ တော်မယ်ဘာတုံး. . . (ဆန္ဒပါဘုရား) ပေါ် ပေါ်ချင်းဘာလုပ်မတုံး. . . (ဖြစ်ပျက်ရှုရပါမယ်) ပေါင်းရင် လောဘဖြစ်တော့မယ်၊ လောဘဖြစ်ရင်တဏှာ၊ တဏှာ ဖြစ်ရင် ဥပါဒါန်၊ ဥပါဒါန်ဖြစ်ရင်ကံ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇရာမရဏ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီကျအောင်သွားမှာစိုးတဲ့အတွက် သူနဲ့ပေါင်းရင် တော်လိမ့်မယ်ဆိုတဲ့ဆန္ဒလာကတည်းက ဘာလုပ်ရမတုံး (ဖြစ်ပျက်ရှုရပါ့မယ်) သူတော့ ထုတ်မှတော်မယ်ဆိုတဲ့ ဆန္ဒ လာရင်ကော (ဖြစ်ပျက်ရှုရပါမယ်) ဒါက အမုန်းသွားတော့မလို့ လာတာ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် သိကြားမင်းက အရှင်ဘုရား ချစ်ခြင်း မုန်းခြင်း ဘယ်ကလာသတုံးလို့ လျှောက်တော့ဘုရားက ဘယ်လို ဖြေသတုံး. . . (ဆန္ဒကလာတယ်လို့ ဖြေပါတယ်) ကျေနပ်မလား . . . (ကျေနပ်ပါပြီဘုရား)။

## ဆန္ဒလာတိုင်းဘာလုပ်ရမယ်

ဒါဖြင့် ဆန္ဒလာတိုင်းဘာလုပ်ရမယ် (ဖြစ်ပျက်ရှုရပါ့မယ်) ဒကာကြွယ်ရှုတတ်ပလား (ရှုတတ်ပါပြီဘုရား) ဒါဖြင့် ဒီဥစ္စာကလည်း တစ်သက်မှ တစ်ခါလောက်ကြားနာရတဲ့ ဘရား. . . (မှန်ပါ့) လောဘ၊ ဒေါသကို ခင်ဗျားတို့က သေမှ

အေးတယ်ကွာ၊ လောဘ ဒေါသကို ဘယ်ကလာသတုံးမေးတော့ သိသေးရဲ့လား. . . (မသိပါဘုရား)။

အခုယနေ့သိပြီ. . . (မှန်ပါ့) ဘယ်ကလာပါလိမ့် (ဆန္ဒက လာပါတယ်ဘုရား) ဆန္ဒကလာတယ် ဆိုတာသိတော့ သူနဲ့ပေါင်းရင် ကောင်းမယ်လို့ဖြစ်တဲ့ ဆန္ဒကိုလည်း ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါ့မယ်) သူနဲ့မပေါင်းရင် ကောင်းမယ် ဆိုတဲ့ဆန္ဒဟာ. . . (ဖြစ်ပျက် ရှုရပါ့မယ်ဘုရား)။

## လောဘ၊ မောဟ၊ ဒေါသသေတယ်

ဆန္ဒကိုဖြစ်ပျက်ရှုလိုက်သဖြင့် လောဘဒေါသ ဘယ့်နှယ် နေသတုံး (သေပါတယ်ဘုရား) လောဘဒေါသသေရင် လောဘ နဲ့ ဒေါသ သဟဇာတဖြစ်နေတဲ့ မောဟကော. . . (သေပါတယ် ဘုရား) ဒါဖြင့် အစကလဲချုပ်၊ အလယ်ကကော (ချုပ်ပါတယ်) အဆုံးကကော (ချုပ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်အစအလယ် အဆုံး သုံးခုချုပ်တာ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါဘုရား) ဩော် . . . နိဗ္ဗာန်လိုချင်ရင် ဆန္ဒကိုဝိပဿနာရှုပါ-(မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်လိုချင်ရင်ဆန္ဒဝိပဿနာရှု

ဒကာကြွယ် ဘာလုပ်ရမလဲ. . . (နိဗ္ဗာန်လိုချင်ရင် ဆန္ဒ

ကို ဝိသသနာ ရှုရပါ့မယ်) ပေါင်းလိုတဲ့ဆန္ဒလာရင်ကော (ဖြစ်ပျက် ရှုရပါ့မယ်၊) သူ့ကို ရှုလိုက်တော့ ဒကာသစ်ရေ ချစ်ခြင်းမုန်းခြင်း ဘယ့်နှယ်နေသတုံး၊ ချစ်ခြင်းမုန်းခြင်း မသေသေးဘူးလား. . . (သေပါတယ်ဘုရား)။

ချစ်ခြင်းမုန်းခြင်းဆိုတာသိလို့လား၊ မသိလို့လား. . . (မသိလို့ပါ) မသိလို့ဆိုတော့ ချစ်ခြင်းမုန်းခြင်းထဲမှာ အဝိဇ္ဇာ တည်းဟူသော အာသဝလည်းမချုပ်ဘူးလား. . . (ချုပ်ပါတယ်) တဏှာတည်းဟူသော ကာမာသဝ ဘဝါသဝတွေကော . . . (ချုပ်ပါတယ်ဘုရား) ရှင်းမလား. . . (ရှင်းပါပြီဘုရား)

ချစ်တယ်မုန်းတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါဖြစ်လာလို့ ကိုးဗျ၊ အဲဒီတော့ အကုန်ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ နာမ်ဓမ္မဖြစ်ပျက်သာ ရှိတယ်ဆိုတာ သူတစ်ပါးဆိုတာကော ရှိသေးရဲ့လား. . . (မရှိပါဘုရား) ဒိဋ္ဌာသဝကလဲမချုပ်ဘူးလား . . . (ချုပ်ပါတယ် ဘုရား)။

ဒါကြောင့် ဖြစ်ပျက်ရှုတာသည် ဒကာ ဒကာမတို့ အာသဝေါကုန်တဲ့ အလုပ်လို့မှတ် (မှန်ပါ့) ဒကာကြွယ် ရှင်းပလား (ရှင်းပါပြီဘုရား) ကိုင်း. . . ဒါဖြင့် ရှေ့ကိုဆက်တက်ကြဦးစို့၊ ဒကာ ဒကာမတို့ ရှေ့တစ်ဆင့် တက်မယ်ကြံတော့ နောက်က ပြန်သိမ်းရတယ်. . . (မှန်ပါ့ဘုရား)။

သတ္တဝါတွေ အန္တရာယ်မကင်း ဘေးမကင်းဖြစ်တာက ဘာ့ကြောင့်ပါလိမ့်. . . (ဣဿာမစ္ဆရိယကြောင့်ပါ) ဣဿာ မစ္ဆရိယ ဘယ်ကလာပါလိမ့်. . . (ဆန္ဒကလာပါတယ်ဘုရား)။

ဒကာကြွယ်ဖျောက်မပစ်ကြနဲ့နော်. . . (မှန်ပါ့) လေး သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ဆည်းပူးလို့ရတဲ့ ဉာဏ်တော်ကြီးနဲ့ ဟောတော်မူတာဘုရားက. . (မှန်ပါ့) ဘုန်းကြီးတို့က သူဟောပြီးသားကို ထပ်ပြီးဟောနေရတာ၊ သူချက်ပြီးသားထမင်း စားနေတာပါဆိုတော့. . . (မှန်ပါ့ဘုရား)။

ဆန္ဒကြောင့် ချစ်ခြင်းမုန်းခြင်းလာတယ်ဆိုတာ သိကြား မင်းသိသွားပြီ. . . (မှန်ပါ့) ဘုရားသာသနာမပွင့်ခင်တုန်းက ဗျာန်ပုံ အဘိညာဥ်ရတဲ့ရသေ့တွေမေးကြည့်တယ်၊ မဖြေနိုင်ကြ ဘူး၊ ဖြေနိုင်တဲ့သူတစ်ဦးမှ မရှိခဲ့ဘူး. . . (မှန်ပါ့ဘုရား)။

## သိကြားသေပြီးသိကြားအသစ်ပြန်ဖြစ်

ဒါနဲ့ သာသနာကြုံလာတော့ ဒီအဖြေမှန်ကို သိကြား ရသွားတယ်. . . (မှန်ပါ့) သိပ်ပြီးဝမ်းသာသွားတယ်၊ ဒီကတည်း ကိုက သောတာပန်တည်ဖို့ နီးကပ်သွားပြီ (မှန်ပါ့) သိကြားမင်း ဟာ ဒီတရားပွဲထဲမှာပဲသေပြီး ဒီတရားပွဲထဲမှာ သိကြားအသစ်ပြန် ဖြစ်လိမ့်မယ်. . . . (မှန်ပါ့) ဒါလောက် အဖိုးတန်တဲ့တရားဆိုတာ ကော ရိပ်မိပလား. . . . (ရိပ်မိပါပြီဘုရား)။

## ဆန္ဒဘယ်ကလာသလဲ

အဲဒီတော့ သူများသိကြားပြန်ဖြစ်တာထက် ကိုယ်လဲအသေလွတ်ဒီအထဲတွင် ဖြစ်သွားအောင်လဲ အရေးကြီးကြပါ၊ (မှန်ပါ့) ကိုင်း. . . ဒါဖြင့် မေးပြီဒကာ ဒကာမတို့ သိကြားက အရှင်ဘုရား ဒီဆန္ဒက ဘယ်ကလာပါလိမ့်မတုံး မေးတော့ ဝိတက်ကလာတာပဲတဲ့. . . (မှန်ပါ့) ကြံလုံးစည်လုံးက လာတယ် . . . (မှန်ပါ့ဘုရား)။

## ကြံလုံးစည်လုံးကလာတယ်

ဒကာ ဒကာမတွေ ဘယ်ကလာပါလိမ့်မတုံး (ကြံလုံးစည်လုံးက လာပါတယ်ဘုရား) ဒကာ ဒကာမတွေ ဒါ့ကြောင့် ညအိပ် မပျော်တာ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒကာ ဒကာမတွေ ညအိပ်မပျော်တာ ဘာကြောင့်တုံး . . . (ကြံလုံးစည်လုံးနေလိုပါဘုရား) ကြံလုံးစည်လုံးဆိုတာ စာလို သုံးတော့ ဝိတက်ဗျ. . . (မှန်ပါ့) ခလေးတွေကတော့ဖြင့် အိပ်ကြပြီ၊ လူကြီးတွေကတော့ ဝိတက်ဖြစ်နေလို့ အိပ်မရဘူး. . . (မှန်ပါ့) သူများအသံကြားလေလေ ကိုယ်က အိပ်မပျော်လေလေ. . . (မှန်ပါ့ဘုရား)။

အိပ်မပျော်တာ စားမကောင်းသောက်မကောင်းလို့ အိပ်မပျော်တာလား၊ ကြံလုံးစည်လုံး ရှုပ်နေလို့လား. . . (ကြံလုံးစည်လုံး ရှုပ်နေလို့ပါဘုရား)။

## ဝိတက်ကြောင့်ဆန္ဒလာတယ်

ဪ. . . ဒါဖြင့် ဒကာ ဒကာမတို့ ကြံလုံးစည်လုံးကို စာ လိုသုံးတော့ ဘာတဲ့. . . (ဝိတက်ပါဘုရား) အဲ-ဝိတက်ကြောင့် ဆန္ဒ လာတာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဝိတက်က ကာမဝိတက် ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်လို့ ဝိတက်ဘယ်နှစ်မျိုးရှိပါလိမ့် (သုံးမျိုးပါဘုရား) ဝိတက်သုံးမျိုးကြောင့် ဆန္ဒသုံးမျိုးလာသည် (မှန်ပါ့) ဆန္ဒသုံးမျိုးကြောင့် ချစ်ခြင်းမုန်းခြင်း နှစ်မျိုးလာသည် (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား) ချစ်ခြင်းမုန်းခြင်းလာသောကြောင့် ဣဿာမစ္ဆရိယလာသည်၊ ဣဿာမစ္ဆရိယ လာသောကြောင့် ဘေးတကာရန်တကာဝိုင်းနေကြသည်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဘေးရန်ဝိုင်းတာဘယ်သူ့ကြောင့်တုံး

ဘေးတွေရန်တွေဝိုင်းတာ ဘယ်သူ့ကြောင့်. . . (ဣဿာမစ္ဆရိယကြောင့်ပါ) ဣဿာမစ္ဆရိယဘယ်ကလာသတုံး

(ချစ်ခြင်း မုန်းခြင်းက လာပါတယ်) ချစ်ခြင်းမုန်းခြင်း ဘယ်က လာသတုံး (ဆန္ဒကလာပါတယ်) ဆန္ဒဘယ်ကလာသတုံး . . . (ဝိတက်ကလာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိတက်ကို ဝိပဿနာရှုရ လိမ့်မယ်. . . (မှန်ပါ့) ဝိတက်ကို ဝိပဿနာရှုတော့ ဝိတက်က သတိပဋ္ဌာန်ပါဠိတော်မှာ ကာမဝိတက္ကောလောကော ရူပ ဝိတက္ကောလောကောနဲ့၊ ဝိတက်ကနည်းတာတွေ မဟုတ်ဘူး . . . (မှန်ပါ့) ဒါကြောင့် ဝိတက်ရှုနည်း နိဿတည်းကို နက်ဖြန်မှ ဟောတော့မယ်. . . (မှန်ပါ့ဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု. . . သာဓု. . သာဓု။